www.burmeseclassic.com

# ချစ်လေ နှစ်လေ

ရဲထွတ်

"ကေတီရေ...မင်းမရှိလို့ တော်ပေသေးတော့တယ်ကွဲ့"

ကျွန်ုပ်မှာ အသက်မသေဘဲနှင့် ငရဲပြည်သို့ ရောက်ခဲ့ရသော ဘဝမှ ပူဆွေးတမ်းတ မျက်ရည်တစ်ချက် ကျလိုက်မိသည်။

ဦးထုပ်ပုံ သံပုရာခွံ နက်ပြာဆောင်း၊ ၁၂ မှတ်'သံတော' ငရဲသားသည်လည်းကောင်း၊ ဦးထုပ်အဖြူဆောင်း ၈ မှတ် 'ဘုတ်ကိုင်-ဘာရာ' ငရဲသားတို့သည်လည်းကောင်း အောင်သေအောင်သား စားအံ့သော မျက်နှာထားကြီးများနှင့် ကျွန်ုပ်အား ဆီးကြိုခြောက်လှန့်ကြကုန်သည်။ ကျွန်ုပ်မှာ မျက်စိကန်း တစ္ဆေမကြောက် အဖြစ်သို့ ရောက်ခဲ့ရသည်။

"အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်" တရားသူကြီးက အမိန့်ချမှတ်လိုက်သည်။ ရုံးတွင် ကြားနာလာခဲ့ရသော စီရင်ချက်မှာ ကျွန်ုပ်နားထဲမှ မထွက်နိုင်အောင် ရှိတော့သည်။ သံမှိုစွဲသလို ခိုင်မြဲနေသည်။

ကျွန်ုပ်အတွက် ငိုကြွေးမည့်သူလည်းမရှိ၊ ပူဆွေးမည့်သူလည်းမရှိ။ မျက်နှာငယ် ဘဝဆိုးဖြင့်သာ အကျိုးပေးမလှ ဖြစ်ခဲ့ရသည်။ လေးဘက်လက်တန်မှ ကာရံပိတ်ဆီးနေကြသော ပေငါးဆယ် အမြင့်ရှိသည့် အုတ်တံတိုင်းကြီးများသည် ကျွန်ုပ်အား လွတ်လပ်သော အပြင်လောကနိဗ္ဗာန်နှင့် မဆက်ဆံနိုင်အောင် ပိတ်လှောင်ခြားနားခြင်း အိုးစားခွဲ၍ ထားကြသည်။ နေ့စဉ် ကုန်တင်မော်တော်ကားကို မိုင်ပေါင်းများစွာ မောင်းနှင်ကာ မိနစ်တိုင်းတွင် ရပ်ကွက်လမ်းကျယ်အသွယ်သွယ်၌ လှည့်လည်ကျက်စား လွတ်လွတ်လပ်လပ်ကြီး လမ်းသလားလာခဲ့သော ကျွန်ုပ်သည် ယခုမူ ဤအုတ်တံတိုင်းကြီးများအတွင်း၌ ကျဉ်းမြောင်းကျပ်တည်းစွာဖြင့် မလွတ်မလပ် အသက်ရှူကျပ်၍ နေရချေတော့မည်။

**အသက်မသေဘဲနှင့် ငရဲပြည်ရောက်ခဲ့ရလေပြီ။**

ကျွန်ုပ်အား အဘယ်ဝဋ်ကြွေး ကြမ္မာကောင်သည် ဤအရပ်သို့ ပို့ဆောင်ခဲ့ဘိသနည်း၊ လက်သည်ကို ကျွန်ုပ်ရှာမိသည်။ တရားသူကြီးလော...? တစ်စုံတစ်ဦးလော...?

အမှန်မှာ မည်သူ့ကိုမျှ အဆိုးဆိုစရာမရှိချေ။ လက်စားချေစရာလည်း မလိုပေ။ ကျွန်ုပ်မှာ ယခင့်ယခင်က သတိမမူ၍ ဂူမမြင်ခဲ့သော်လည်း ယခုသော် သတိမူ၍ မြူပင်မြင်ခဲ့ပေပြီ။ လက်သည်လည်း အကောင်အထည်ပေါ်လာလေပြီ။ ထိုလက်သည်ကား အခြားသူမဟုတ် ကျွန်ုပ်ပင်တည်း။ မည်သူမပြု မိမိမှုဖြစ်၍ မည်သူ့ကိုမျှ အပြစ်မဖို့သာချေ။ မလွဲမသွေနှစ်ရှည်လများဖြင့် ကျွန်ုပ်သည် ထိုနေရာသို့ရောက်အောင် ထိုလမ်းကိုမသိ၊ မိုက်မှားစွာ ထွင်လာခဲ့မိပေသည်။

'လူဟူသမျှ မိမိ၏ကံကြမ္မာဗိမာန်ကို တည်ဆောက်သော ဗိသုကာဖြစ်သည်' ဟူသော အင်္ဂလိပ်စကားပုံတစ်ခုရှိသည်။ မိုက်မဲသော ဗိသုကာဖြစ်သည့် ကျွန်ုပ်လည်း ထိုငရဲဗိမာန်ကို မသိမလိမ္မာမှုဖြင့် တည်ဆောက်လာခဲ့မိသည်။ ကျွန်ုပ်၏ မသိမိုက်မှားဆိုးဝါးနုံချာမလိမ္မာမှုမှလွဲ၍ မည်သူ့အား အဆိုးချစရာရှိတော့အံ့နည်း။

ကျွန်ုပ်သည် ဖြစ်ရာဘဝတွင် ရှေ့ရေးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မတွေးလို။ နောင်ရေးကိုလည်း မဆွေးလို။ ထိုအကြားမှပင် ပူဆွေးတမ်းတ မျက်ရည်တစ်ချက်ကျလိုက်မိသေးသည်။

"ကေတီရေ...မင်းမရှိလို့ တော်ပေသေးတော့တယ်ကွဲ့"

လွန်ခဲ့သော ဆယ့်ကိုးနှစ်ကျော်က ကေတီနှင့် စတင်တွေ့ဆုံခဲ့သည်။ တစ်နေ့သောနံနက်တွင် ကုန်တင်မော်တော်ကားကြီးတွေ အများအပြားနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသော 'ဂျီ–စီ–မာတင်' ကုမ္ပဏီ အလုပ်တိုက်ပေါ်သို့ တက်လာခဲ့သောအခါ ခါတိုင်းမမြင်ဖူးသော အင်္ဂလိပ်ကပြားမကလေး အသစ်တစ်ယောက်သည် ထိုနေ့အဖို့ ကျွန်ုပ်ဆောင်ရွက်ရမည့် တာဝန်လုပ်ငန်းစဉ်များကို ကျွန်ုပ်အား လှမ်းပေးလေသည်။ ကျွန်ုပ်သည် စာရွက်ကို လက်ထဲတွင်ကိုင်လျက် သူ့အားငိုင်၍ မျက်တောင်မခတ် ကြည့်နေမိသည်။ မျက်လုံးမျက်ဖန်နှာတံနှာရင်းတို့နှင့် ခြောက်ပြစ်ကင်းပုံရသော မျက်နှာကလေးမှာ ကျွန်ုပ်၏ မျက်လုံးထဲတွင် ဥမ္မာဒန္တီရှိနေတော့သည်။

ကျွန်ုပ်၏မျက်လုံးဒဏ်ကြောင့် သူ့ခမျာ ရှက်ကိုးရှက်ကန်းနှင့် မျက်နှာကလေး နီမြန်းသွားရှာသည်။ သို့တိုင်အောင်လည်း ကျွန်ုပ်မှာ ခေါ်တောဘဝမှ စတေစိတ်မကျနိုင်သေးဘဲ ငေးမြဲငေးကြည့်နေမိသည်။ သူ့ခမျာ သူ့လက်နှိပ်စက်တွင်းသို့ စာတစ်ရွက်ကို ထိုးသွင်းပြီး ခပ်ကြမ်းကြမ်းကလေး ရိုက်နှိပ်စပြုသည်။ ထို့နောက် သူ့လက်ချောင်းကလေးများ ရပ်တန့်သွားရာမှ ကျွန်ုပ်အား စိတ်ပျက်စွာ မော်ကြည့်ရှာသည်။ ဝိုင်းစက်နက်ပြာတောက်ပြောင်သော သူ့မျက်လုံးများအတွင်း၌လည်း မျက်ရည်ဥကလေးတွေနှင့် ဖြစ်နေတော့ကာ–

"ကျေးဇူးပြုပြီး သွားပါတော့ရှင်။ အနားမှာ ရှင်ရှိနေရင် ကျွန်မ အလုပ်လုပ်လို့ ဖြစ်တော့မှာ မဟုတ်ဘူး။ ကျွန်မ ဒီအလုပ်ကလေး အပြုတ်မခံပါရစေနဲ့" ဟု တောင်းပန်နှင်နှင်ရှာသည်။

"ညနေ အလုပ်ဆင်းချိန်မှာ မင့်အိမ်အထိ ကျူပ်လိုက်ပို့ခွင့်ရမယ်ဆိုရင် ကျူပ်သွားမယ်လေ"

ထိုစကားကို အဘယ်နည်းနှင့် ပြောလိုက်မိသည်ကိုပင် ကျွန်ုပ် မသိတော့ချေ။ ကျွန်ုပ်မှာ အခြားကားသမားများကဲ့သို့ ချောချောလှလှကလေးတွေမြင်တိုင်း နှုတ်ဆော့လက်ဆော့ ပြုမူလေ့ရှိသူတစ်ယောက် မဟုတ်ရာ။ ဤတစ်ကြိမ်တွင် ဤမျှမျက်စိရဲနှုတ်ရဲလိုက်သည့်အတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ် အံ့ဩမိသည်။

ကျွန်ုပ်၏ အတင့်ရဲမှုကို တစ်မျိုးတစ်မည် ထင်ကောင်းထင်ပေလိမ့်မည် ဖြစ်သော်လည်း ထိုအခိုက်တွင် အလုပ်ပိုင်ရှင် မစ္စတာမာတင် ဝင်ရောက်လာသောကြောင့် "ကိုင်း ရှင့်သဘော၊ ရှင့်သဘော ခုသာ မြန်မြန်ကြွတော်မူပါ" ဟု သူ့ခမျာ လိုက်လျောရရှာတော့သည်။ ထို့နောက် သူ့လက်နှိပ်စက်ကို ဆက်လက်၍ သွက်လက်စွာ ရိုက်နှိပ်နေပြန်သည်။

နီထွေးသောနှုတ်ခမ်း၊ ဝိုင်းစက်နက်ပြာတောက်ပြောင်သောမျက်လုံး၊ ဖြူစင်ဝင်းဝါ၍ ချစ်စရာနှင့် သနားစရာကလေး ရောထွေးနေသော သူ့မျက်နှာတို့ကား ကျွန်ုပ်၏ ရင်ထဲတွင် တနွေးနွေးနှင့် သူ့အကြောင်းကို ကျွန်ုပ်တစ်နေ့လုံး တွေးခဲ့သည်။ ဝိုင်းစက်နက်ပြာတောက်ပြောင်သော သူ့မျက်လုံးကလေးများကို တွေးထင်လိုက်သည့်အခါတိုင်း အလုပ်တာဝန်များ မြန်မြန်ပြီးစီးရန်သာ စိတ်စောသန်လျက် မော်တော်ကားကို စက်ကုန်နှင်မိသည့် အခါများ၌ လမ်းသွားလမ်းလာတို့ထံတွင် "ရမ်းလိုက်တဲ့ ဒရိုင်ဘာ" ဟု ဩဘာမွေး၍ ကျန်ရစ်ခဲ့တော့သည်။

ကားရုံထဲ ကားသွင်း၊ ချက်ချင်း ရေမိုးချိုးအဝတ်အစားလဲပြီး သုတ်သီးသုတ်ပျာနှင့် အလုပ်တိုက်သို့ လာခဲ့ရာ လှေကားမှ ဆင်းသက်လာသော ကေတီကို အဆင်သင့် တွေ့ရပေသည်။ သူ လှေကားမှ ဆင်းသက်လာသည်မှာ မိုးကျမယ်ကလေး ဘုံကြိုးပြတ်၍ တရွေ့ရွေ့ကျဆင်းလာဘိနှယ် ထင်မိသည်။ သူ ကျွန်ုပ်ကို မြင်သောအခါ အံ့အားသင့်ဟန်ပြုသော်လည်း သူ့လက်ကိုင်အိတ်တွင်း၌ ပါလာသော နှုတ်ခမ်းနီဆိုးဆေး၊ ပေါင်ဒါမွှေးတို့က သူ မနက်ကထက် ပိုမို၍ အလှခြယ်ထားကြောင်း သက်သေခံနေကြသည်။

"ကဲ...လာ...သွားကြစို့"

"ဘုရားရေ ... ဘယ်လဲ"

"အလို မနက်ကတော့ ရှင့်သဘော၊ ရှင့်သဘောဆို"

"သြော် ရှင် ကျွန်မကို လိုက်ပို့မလို့လား"

"တယ် သတိမေ့တတ်တဲ့ ကလေးမကို"

"ကျွန်မဟာ သာမန်စာရေးမကလေးတစ်ယောက်ပါ သက်တော်စောင့်လုပ်ပြီး လိုက်ပို့နေစရာ မလိုပါဘူး"

"သက်တော်စောင့်ပဲ လုပ်ရလုပ်ရ၊ ဒရဝမ်ပဲဖြစ်ဖြစ်

www.burmeseclassic.com



လိုက်ပို့ရရင်တော်ပြီ"

သူ့ခမျာ မျက်နှာထားကလေး ချိုချိုပြုံးပြုံးနှင့် အရှုံးပေးရှာသည်။ ဆူးလေဘုရားထောင့်သို့ ရောက်ခဲ့ကြသောအခါ–

"ကျွန်မ ဘတ်စ်ကား စီးမယ်။ ပြန်ရမှာက ကျောက်မြောင်းတောင်မှ"

"အညောင်းပြေအညာပြေ လမ်းလျှောက်ကြသေးတာပေါ့"

သူနှင့် ကျွန်ုပ် ရေးရေစက်ကြောင့်ပေလား မပြောတတ်။ နှစ်ယောက်သား စကားတပြောပြောနှင့် ယှဉ်တွဲ၍လျှောက်လာခဲ့ကြရာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သူ့မျက်နှာကလေးမှာ ပို၍ပို၍ ချစ်စရာကောင်းလာသည်ဟု ထင်မိသည်။ မြင်လျှင်မြင်ချင်း ရိုးတွင်းခြင်ဆီမှ ဖြစ်ပေါ်လာသော ကျွန်ုပ်၏ မေတ္တာဒဏ်သည်လည်း သူ့အပေါ်တွင် ခရီးအတော်ပေါက်အောင် ထိရောက်နေသကဲ့သို့ရှိရာ ဖရေဇာလမ်းသို့အရောက်တွင်–

"ပရင့်စ်ဟိုတယ်မှာ ညစာစားဖို့ ဘယ်လိုသဘောရသလဲ။ ဒီဆိုင်မှာ ဒံပေါက်ထမင်း ပထမတန်းပဲ။ မိတ်ဖြစ်ဆွေဖြစ်ကလေး ကျွေးစမ်းပါရစေ" ဟု ကျွန်ုပ်က ဖိတ်ခေါ်လိုက်သောအခါ သူ့ခမျာ လိုက်လျောရှာပြန်သည်။

သီးသန့်ထားသော အခန်းကလေးတစ်ခုအတွင်း အစိမ်းနုရောင် ကြွေစလောင်းအုပ် ခပ်ဖျော့ဖျော့ မီးလင်းရောင်ကလေးတွင် တဝီဝီလည်နေသောပန်ကာအောက်၌ ကျွန်ုပ်တို့နှစ်ယောက်သည် ဒံပေါက်ထမင်းစားသောက်ပြီးနောက် လီမွှော်ရည်ကို စိမ်ခံသောက်ရင်း တစ်ယောက်အကြောင်းကို တစ်ယောက် ပြောပြကြသည်။

သူနှင့်ကျွန်ုပ် ကံတူအကျိုးပေးဖြစ်နေကြပုံမှာ ဆန်းကြယ်နေသည်။ နှစ်ဦးစလုံးမှာ ဖအေအင်္ဂလိပ်၊ မအေ မြန်မာမှ ပေါက်ဖွားလာကြသော ကပြားများ ဖြစ်ပြီးလျှင် နှစ်ဦးစလုံးတွင်လည်း ဆွေမျိုးညာတိမရှိ တစ်ကောင်ကြွက်ဘဝဖြင့် မိဘမဲ့ဖြစ်နေကြသည်။ ကျွန်ုပ် ၁၂ နှစ်သားလောက်က ကျွန်ုပ်၏ ဖခင်ကြီးသည် ပထမကမ္ဘာစစ်ကြီးထဲသို့ လိုက်ပါသွားရာ စစ်ထဲတွင် ကျဆုံးရှာသည်။ မိခင် မုဆိုးမကြီးလည်း ကျွန်ုပ် ၁၄ နှစ်သားလောက်တွင် အနိစ္စရောက်ရှာသည်။ ဘာပညာမှလည်း မထွန်းပေါက်။ အရွယ်ကလည်း လူလားမျှမမြောက်သေးခင် ကျွန်ုပ်မှာ နေပူကြည့်၍ အရိပ်မမြင်။ သောင်ပြင်လွှတ်သောခွေးလို မှီခိုစရာကင်းဆေးခဲ့သည်။ နောက်ဆုံး ခိုကိုးရာမဲ့ကျောင်းမှတစ်ဆင့် ဂျီ–စီ–မာတင် ကုမ္ပဏီသို့ရောက်ပြီး ကားရုံတွင်ကားများဆေးကြောရသော ဘဝမှ တစ်စတစ်စ ကားမောင်းသင်ကာ ၁၈ နှစ်သားတွင် ဒရိုင်ဘာဖြစ်လာရသည်။ ယခုမူ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဒရိုင်ဘာ အကြီးအကဲတစ်ယောက်ဖြစ်နေသည်။ သို့ရာတွင် ကေတီမှာမူကား မိဘသေဆုံး၍ ကျောင်းမှထွက်စရှိသေးသည်။

"ကျွန်မ ခုလို အသက်အရွယ် ငယ်ငယ်ကလေးနဲ့ သူများနည်းတူ အလုပ်ထွက်လုပ်ရတာ ဒက်ဒီတို့၊ မာမီတို့ မြင်းလောင်းခဲ့ကြတဲ့ ကောင်းမှုပေါ့ ကိုကျော်နီရယ်။ စောင့်ရှောက်မယ့်သူမှ မရှိဘဲကိုး"

သူ့ခမျာပြောရင်း မျက်ရည်ကလေး လည်၍လာရှာသည်။ ကျွန်ုပ်သည် သူ့ကိုယ်ကလေးကို ပိုက်ထွေးပြီး ယခုအချိန်မှစ၍ ရာသက်ပန် ရိုးမြေကျစောင့်ရှောက်ထားပါမည်ဟူ၍သာ ပြောလိုက်ချင်တော့သည်။ ကျွန်ုပ်တို့ တစ်ကောင်ကြွက်နှစ်ဦးမှာ တစ်ဦးသာလျှင် တစ်ဦးအတွက် ဖြစ်သင့်ကြသည်။

သို့သော်လည်း ကျွန်ုပ်မှာ ထိုညက သူ့ကို ဤသို့ဖွင့်ပြောရန်အထိ သတ္တိမရှိခဲ့ပါ။ တစ်လနီးပါးမျှ အလုပ်ပြီးစီးကြသောအခါ ညနေချမ်းအချိန်တိုင်း သူ့ကို စောင့်ဆိုင်းခဲ့သည်။ ထို့နောက်မှ ကျွန်ုပ်နှင့် လက်ထပ်ပါရန် အရေးဆိုရတော့သည်။

မစ္စတာမာတင်သည် ကျွန်ုပ်တို့အား ကားရုံအပေါ်ထပ်တွင် နေထိုင်ရန် ခွင့်ပြုပေသည်။ ကေတီသည် အနည်းငယ်မျှသော အိမ်ထောင်ပရိဘောဂ၊ တန်ဖိုးမများလှသော ခန်းဆီးလိုက်ကာ၊ ပန်းအိုးကလေး စသည်တို့နှင့်ပင် အခန်းကျယ်ကြီးတစ်ခုလုံးကို ထည်ထည်ဝါဝါ သာယာစိုပြည်အောင် အမျိုးမျိုးကြိုးစား၍ ဖန်တီးထားနိုင်ပေသည်မှာ အံ့လောက်ဖွယ်ဖြစ်ပေသည်။ ကျွန်ုပ် ညနေ အလုပ်မှ ပြန်လာတိုင်း တစ်ခုခုသော မွမ်းမံပြုပြင်ထားမှုမှာ တိုးတက်နေပေသည်ကို တွေ့ရမြဲဖြစ်သည်။

ကျွန်ုပ်သည် သူ့ကို ရင်ခွင်ထဲသို့ ဖြည်းညှင်းစွာဆွဲယူပြီး "မင့်ထက်ပိုပြီး အံ့သြလောက်စရာကောင်းတဲ့ မယားကလေးမျိုးတော့ ဘယ်သူမှ ရကြသေးမှာ မဟုတ်ဘူး ကေတီ" ဟု လေသံတိုးနှင့် အချစ်ဓာတ်စက်အိုး ဖွင့်လေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

တစ်ညတွင် ကျွန်ုပ်တို့၌ သားသမီးရတနာကလေး ရအံ့တော့မည်ဟူသော သုတမင်္ဂလာစကားကို သူ့ထံမှ ကျွန်ုပ် ကြားသိရသည်။ နားထဲတွင် ကြား၍မရောင့်ရဲဘဲ ထပ်တလဲလဲ ကြားချင်တိုင်း မေးမိရာ သူ့ခမျာရှက်ကိုး ရှက်ကန်းနှင့် ကျွန်ုပ်ရင်ခွင်ကို ခေါင်းကလေးနှင့် တိုးဝင်၍ ငေ့ရှာသည်။ ချစ်ဇနီးမောင်နှံတိုင်းပင် သူတို့၏ သားဦး ရတနာကလေးဟူသော အသိတွင် ဝမ်းသာကြည်နူးအူ မြူးကြရမည်။

"*ရတနာမျိုး ရွှေအိုးပဒေသာ ပေါက်ပေလာသည် ပမာတမျှ သားမောင်လှကြောင့်*"ဟူ၍ စာဖွဲ့ကြသည်။ သား–သား ဟူသောအသံကြားရုံနှင့် ပီတိဟုံသည် ရိုး တွင်းခြင်ဆီတွင်းသို့ ထွင်းဖောက်သွားသည်ဟု အဆိုရှိ၏။ သို့ရာတွင် ကေတီနှင့် ကျွန်ုပ်အဖို့ ထိုကလေးအတွက်မှာ ထိုထက်ပင် ပိုလွန်သေးသည်။ ကျွန်ုပ်တို့မှာ တစ်ကောင် ကြွက်များ မဟုတ်တော့ပြီဟု လက်ညှိုးထိုးပြစရာ သွေး သားကလေးတစ်ယောက် ပေါ်ပေါက်လာပေတော့မည်။ သူများမော်သလို မော်၍ သူများပျော်သလို ပျော်နိုင်ပေတော့ မည်။ ထိုကလေးအတွက် အတွေးနှင့်ပင် သွေးမြောက် လောက်ပေသည်။

ကေတီမှာ နေမကောင်းထိုင်မသာနှင့် အိပ်ရာထဲတွင် လဲနေသောအခါ ငယ်ရွယ်လွန်းသော ကျွန်ုပ်မှာ စိတ်ပူသွား မိသည်။ ကိုယ်ဝန်ရှိသောမိန်းမများ တစ်ခါတစ်ရံ ထိုကဲ့သို့ မအီမသာဖြစ်တတ်ကြောင်း နားလည်သူများက ပြောပြမှ သိရသည်။ သို့လင့်ကစား၊ ကေတီကား ဖြစ်ရိုးဖြစ်စဉ် သာမန်မျှသာ မဟုတ်ဘဲ ချောင်းတဟွတ်ဟွတ်ဆိုးကာ သွေးထိုးရင်ကျပ်ဖြင့် မကြာခဏအောင့်တတ်လာသောအ ခါ သူ့ခမျာက ဆေးဖိုးဝါးခကုန်ကြမည်စိုး၍တားမြစ်သော် လည်း ကျွန်ုပ်မှာ ဆရာဝန်မခေါ်နိုင်ဘဲ မနေနိုင်တော့ချေ။

"ရသမျှလခတွေ စုဆောင်းလာခဲ့တာ ဘာလုပ်ဖို့လဲ အချစ်ရဲ့။ မမာမကျန်းတဲ့အခါနဲ့ အိုစာမင်းစာအတွက်ပဲ မဟုတ်လား။ အချစ် နေထိုင်မကောင်းတုန်းမှာ ကိုယ့် ထမင်းကိုယ် ခံတမာလုပ်လာခဲ့ဖူးတဲ့ မောင့်လက်ရာကလေး တွေ ပြရဦးမယ်"

မီးဖိုချောင်တွင် စွပ်ကျယ်လက်ပြတ်၊ ဘောင်းဘီတို နှင့် ဝက်ပေါင်ခြောက်၊ ဘဲဥနှင့် အာလူးများကို ညစာအ တွက်ကြော်နေရာမှ ကျွန်ုပ်က လှမ်းပြောလိုက်ခြင်း ဖြစ် သည်။ ကေတီသည် ထိုဝိုင်းစက်နက်ပြာတောက်ပြောင် သော မျက်လုံးကလေးများနှင့် ကျွန်ုပ်ကို ပြုံး၍ကြည့်နေ သည်။ ကျွန်ုပ်သည် ဒယ်ပြားကို မီးဖိုပေါ်မှ ချထားခဲ့ပြီး နောက် သူ့ထံသို့ သွားရောက်၍ ပိုက်ထွေးထားသည်။

"ကေတီ အချစ်"

ကျွန်ုပ်၏ပါးပြင်မှာ သူ့မျက်ရည်များနှင့် စွတ်စိုစေ တော့သည်။

ဆရာဝန်သည် စမ်းသပ်စစ်ဆေးပြီးသောအခါ သူ့ မျက်မှန်ကို ပွတ်တိုက်ပြီး နှာခေါင်းပေါ်သို့ သတိထား၍ ဖြည်းညှင်းစွာ ပြန်တင်ရင်း "အင်း...ဂျင်မခါနာကို ပို့ထား ရင် ကောင်းလိမ့်မယ်ထင်တယ်" ဟု ခပ်လေးလေး အကြံ ပေးရာ–

ကေတီသည် မျက်ရည်ကလေးစမ်းစမ်း၊ ခေါင်းက လေး တရမ်းရမ်းနှင့် "နိုး ဒေါက်တာ နိုး နိုး" ဟု အော်ပြီး "ကေတီ့ကို မောင်နဲ့ခွဲပြီး တခြားမှာပို့မထားဘူး မဟုတ်လား ဟင် ပြောလေ မောင် ပို့မထားဘူးလို့ နော်...မောင်"ဟု ကျွန်ုပ်ဘက်သို့လှည့်၍ အသနားခံရှာသည်။

"သူ စိတ်ချမ်းသာမှာပဲ ထားပါရစေ ဒေါက်တာရယ် ဒီမှာဆိုတော့ သူ့ကို ကျွန်တော်ကိုယ်တိုင် ပြုစုနိုင်တာပေါ့"

ဆရာဝန်သည် လူမမာ၏ ကြံ့လှီဖြူဖွေးသော မျက် နှာကလေးကို စိုက်တွေ၍ အကဲခတ်နေသည်။ ပြီးမှ မျက် မှန်ကို ချွတ်ပြန်ကာ သူ့မျက်နှာကို လက်ကိုင်ပဝါနှင့်သုတ် ရင်း "အေးလေ ဂရုစိုက်နိုင်ရင်တော့ ပြောဖို့မလိုပါဘူး" ဟု ဆိုလေ၏။

ဆရာဝန်ပြန်သွားသောအခါ ကျွန်ုပ်သည် သူ့အိပ်ရာ ဘေးတွင် ဒူးထောက်၍ သူ့ကိုယ်ကလေးကို ပိုက်ထွေး ထားသည်။ နုနယ်ဖြူဖွေးသနားစဖွယ်၊ ချစ်စဖွယ် ဇနီး သည်ကလေးပေတကား။ မြစ်ရေအဟုန်သည် မည်မျှပင် ခပ်ယူချိုးသုံးကြသော်လည်း ကုန်ခန်းသည်ဟူ၍မရှိ။ ထို့အ တူ ကျွန်ုပ်၏မေတ္တာ၊ စေတနာတို့သည်လည်း မည်မျှပင် အပင်ပန်းခံ၍ ချစ်ခင်ယုယပြုစုရသော်လည်း ကုန်ခန်းသည် ဟူ၍မရှိခဲ့။ မေတ္တာရေအယဉ်သည် သူ့ထံသို့ တသွင်သွင် သာလျှင် စီးဝင်လျက်ရှိခဲ့သည်။

အချစ်သည် ဇွဲကိုဖြစ်ပေါ်စေသည်။ ပင်ပန်းမှုကို ဥပေက္ခာပြုနိုင်ပေသည်။ ကေတီ၏ အချိန်ကျရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကျွန်ုပ်၏ ဖွဲ့မှာ ထိုအတိုင်းဖြစ်ခဲ့သည်။ 'ယောကျာ်းဖောင်စီး–မိန်းမမီးနေ' ဟူသော မြန်မာစကားပုံ အရ ၂၄ နာရီကြာမျှ ပင်ပန်းကြီးစွာဖြင့် ဝေဒနာခံစားနေရရှာ သူကလေးအား ထိုအချိန်တစ်ချိန်လုံး ပွေ့ဖက်ပြုစုထားနိုင် ခဲ့ပေသည်။

ကျွန်ုပ် စိတ်ပူခဲ့မိသလောက် ချောချောမောမောပင် အောင်မြင်ထမြောက်ခဲ့ပေသည်။ နီနီထွေးထွေး မအေတူ သားကလေးပေတည်း။

သူ့အား 'ဆံနီ'ဟု ချစ်စနိုးမှည့်ခေါ်ခဲ့ကြသည်။ သူ့ ဆံပင်ကလေးမှာ နီကျဲကျဲနှင့် 'ဆံနီ' ဟူသော နာမည်နှင့် မြန်မာအမိပွာယ်လည်း ဆီလျော်၍နေပေသည်။

သားသမီး ၇ ယောက်အထိ ကြီးပြင်းအောင် မွေး ဖွားလာခဲ့သော 'အန်တီမြ' ဆိုသည့် အဒေါ်ကြီးတစ် ယောက်အား ကျွန်ုပ် အလုပ်သွားနေသော နေ့လယ်နေ့ခင်း အချိန်များတွင် ကေတီတို့သားအမိကို လာရောက်ကြည့်ရှု ရန် အဖော်ခေါ်ထားခဲ့သည်။ သို့သော် သူ့အား ကလေးကို မူ ရေချိုး၍မပေးစေဘဲ ကျွန်ုပ်ကိုယ်တိုင်သာ ချိုးပေးသည်။

နံနက်စောစော ရေနွေးအိုးတည်၊ နို့ဘူးအသင့်ဖျော် ထားပြီးသည်နှင့်တစ်ပြိုင်နက် ကလေးကို ကေတီ၏အိပ်ရာ ဘေးရှိ ခုံနိမ့်ကလေးပေါ်တွင်ချကာ ကြက်သီးနွေးနွေးမျှရှိ သော ရေဇလုံထဲ၌နှစ်သော အဝတ်တစ်ခုနှင့် ဆေးကြော သုတ်သင်ပေးစဉ် သူ့မိခင်က ဖအေနှင့်သား ဗျာများနေကြ ပုံကို ပြုံး၍ကြည့်နေကြသည်။

ရေစိုအဝတ်နှင့် ပထမအကြိမ် ထိစတွင် တက် မတတ်ချက်မတတ် ငိုကြွေးတတ်သည်။ သူ့မျက်နှာလုံးလုံး ကလေးမှာလည်း ကျိကျိလောင်လောင် အော်ဟစ်ရင်းမှာ ဒေါသနှင့်နီရဲ၍ တက်လာတတ်သည်။

ဒုတိယအကြိမ်လည်း ထိုနည်းပင် ဒေါသကလေးနှင့် ငိုကြွေးတတ်ရာ ကေတီက မျက်မှောင်ကုတ်ပြီး "မောင် ကြည့်စမ်းပါဦးတော့၊ မောင့်သားဟာ ဒီအရွယ်ကလေးနဲ့ သူအလိုမကျရင် ဘယ်လောက် စိတ်ကြီးသလဲလို့။ ဒီဟာ အတွက် ကျွန်မတို့က တစ်ခုခုလုပ်ပေးရမယ်" ဟု စိုးရိမ်သလို ဆိုလိုက်ရာ။

ကျွန်ုပ်က ရယ်မောရင်း ဦးခေါင်းကို နောက်သို့လှန် ပြီး "သူ့ဟာသူ နေရာကျသွားပါလိမ့်မယ် ဒါလင်ရယ် မပူပါနဲ့" ဟု ဆိုလေသည်။

ဆံနီမွေးဖွားပြီးသော ထိုလတွင် ကျွန်ုပ်တို့ အတူတကွ ပျော်ပျော်ပါးပါးကြီး ရယ်မောခဲ့ကြသည်။ ယခုမှပင် ဒီအဖေ ဒီအမေ ဒီသားကလေးတို့နှင့် သူများလိုပင် ပခုံး ချင်းယှဉ်၍ ကြွားနိုင်သော ပြည့်ပြည့်စုံစုံအိမ်ထောင်စုက လေးတစ်ခု ဖြစ်လာပေပြီ။

ထို့နောက် တစ်နေ့တွင် အလုပ်ပြီးစီးခဲ့သော ကျွန်ုပ် သည် လှေကားမှ တစ်ကြိမ်လျှင် နှစ်ထစ်ကျဖြင့် တက်လာ ခဲ့စဉ် အန်တီမြကား၊ တံခါးဝ၌ တုန်တုန်ယင်ယင်နှင့် ရပ် နေလျက်ရှိသည်ကို တွေ့ရသည်။ သူ့မျက်နှာမှာ ဖြူလျော် ၍ သူ့မျက်လုံးများမှာလည်း နီရဲနေသည်။ ကျွန်ုပ်၏ မျက် လုံးများသည် သူ့ကို ကျော်လွန်ကာ ကေတီလဲလျောင်းနေ လေ့ရှိသော အိပ်ရာဆီသို့ အပြေးအလွှား ရောက်သွားကြ သည်။ အိပ်ရာမှာ ဖရိုဖရဲနှင့် ဟာလာဟင်းလင်း ဖြစ်နေ တော့သည်။ ကျွန်ုပ်သည် အန်တီမြ၏ ပခုံးနှစ်ဖက်ကို ရုတ် တရက် ဆွဲကိုင်ဖျစ်ညှစ်ပြီး တစ်ဆို့သော ငိုသံပါကြီးနှင့် "သူ ဘယ်မှာလဲ" ဟု မေးမိ၏။

"ချောင်းကလည်း မရပ်မနားဆိုးလို့၊ ဘေးထဲက လည်း တောင့်တောင့်ပြီး လေအောင့်တက်လာလို့ ဆရာ ဝန်အပြေးခေါ်ရတယ်။ ခု သူ သူ လူနာတင်ကားနဲ့ ဆေးရုံ ပါသွားရှာပြီ"

ကျွန်ုပ် ဆေးရုံရောက်ခဲ့သောအခါ ကျွန်ုပ်၏ ဇနီး လူမမယ် ဆံနီကလေး၏မိခင် ကေတီကား ဆုံးရှာတော့ သည်။

ကေတီသေဆုံး၍မျှ ရက်မလည်သေးမီ ကေတီနှင့် ကျောင်းနေဖက် ဖြစ်ခဲ့ဖူးသော ဆေးရုံဆရာမတစ်ယောက် ပေါက်လာပြီးလျှင် ကလေးကို သူ စောင့်ရှောက်ကျွေးမွေး ပါမည်၊ သူ့ကိုပေးပါဟု စေတနာနှင့် တောင်းဆိုလာသည်။ သူ့စေတနာကား ကျွန်ုပ်၏ အသည်းကို ကျွဲခတ်သော ဝေဒနာသာ ဖြစ်တော့သည်။

"မပေးဘူး၊ မပေးဘူး။ ကျုပ်ကလေး ကျုပ်မွေးမှာ ပေါ့။ ဘယ်သူ့ ပေးရဦးမှာလဲ" ဟု ဒေါသကို မနည်းချုပ် တည်း၍ ပြောလွှတ်လိုက်ရသည်။

ဆံပင်နီထွေးထွေးနှင့် ဆံနီကလေး၊ မျက်လုံးနက်ပြာ နှင့် မအေတူသားကလေး၊ ကေတီမှ အဆုံးစွန်ကျန်ရစ်ခဲ့ရှာ သော အမွေအနှစ်ကလေး၊ ကျွန်ုပ်အဖို့လျှင် ပေးရက်နိုင်ချိမ့် နည်း။ သို့ဖြင့် အိမ်တွင် အန်တီမြနှင့် ထားခဲ့ရသည်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချနိုင်သလို ဖြစ်လာမိသည်။ အဝတ်ကြိမ်ခြင်းတောင်းတစ်ခုပြုလုပ်ပြီး ကျွန်ုပ်၏ ကုန်တင်ကားကြီးပေါ်တွင် ကျွန်ုပ်နှင့်တစ်ပါတည်း ခေါ်တင်သွားလေ့ရှိတော့သည်။ ခြင်းတောင်းကို မျက်စိအောက်မှ မပျောက်စေဘဲ ကျွန်ုပ်၏ဘေးတွင်သာ ထားသည်၊ ကားကို ရုတ်တရက်ထိုးရပ်လိုက်သော် ကားဆောင့်ပြီး အောက်သို့ ထိုးမကျနိုင်စေရန်လည်း သားရေကြိုးပြားကြီးများနှင့် ဆိုင်းထားခဲ့သည်။

နေ့တိုင်း ၁၀ နာရီတစ်ကြိမ်၊ ၂ နာရီတစ်ကြိမ် အိမ်မှ နို့မှုန့်ဘူးယူလာပြီး လမ်းတွင် ကြုံရာလက်ဖက်ရည်ဆိုင်ဝင်၍ နို့ဖျော်ကာ သူ့နို့ဘူးထဲသို့ ထည့်ပေးသည်။ မိုးရွာလျှင်လည်း မိုးရေမစင်အောင်၊ နေပူလျှင်လည်း နေပြောက်မထိုးရအောင် ကာမိုး၍ပေးသည်။ ၇ ရက်တစ်ပတ်လျှင် တစ်ကြိမ်လည်း သူ့ကျန်းမာရေးအတွက် သူငယ်နာဆေးတွင် သတင်းမွှေးလျက်ရှိသော မန္တလေးဆရာအေးကြီးထံသို့ ပြေး၍ ပြေး၍ ပြရသည်မှာလည်း အမောဖြစ်နေတော့ရာ “မင့်ကလေး ဘာမှ မဖြစ်ပါဘူးကွဲ့၊ ဆေးမကုရဘဲနဲ့ မင့် ဆေးဖိုးဝါးခလည်း မယူချင်တော့ပါဘူး မောင်ကျော်နီရဲ့” ဟု ပြုံးပြုံးကြီး ဆိုလွှတ်လေ့ရှိသည်။

ဆံနီကလေးသည် ကားစီး၍ လိုက်နေရသည်ကို ပျော်ရွှင်ပုံရသည်။ တစ်ခါတစ်ရံ သူငြီးငွေ့ဟန်ဖြင့် တအီအီဖြစ်လာတတ်သောအခါ ကျွန်ုပ်က ‘ရွှေကျီးညို’နှင့် ချော့ရသည်။ ကျွန်ုပ်မှာ ‘ရွှေကျီးညိုလာရင် ဒေါသနဲ့ပြစ်တင်’မှလွဲ၍ အခြားဘာသီချင်းမျှလည်း မရချေ။ ကိုယ်တော်ချောကလေးက ကျယ်ကျယ်ဆိုမှ သဘောကျသည်။ ကျွန်ုပ်မှာ မရပ်တော့ဘဲ ရွှေကျီးညိုနှင့်သာ မုန့်လုံးစက္ကူကပ်နေရတော့သည်။ သူ အနည်းငယ် လ ရင့်သောင်းလာပြီဖြစ်၍ တစ်ခါတစ်ရံတွင် ကျွန်ုပ်သီချင်းဆိုပြလျှင် ဝူးဝူးဝါးဝါး လိုက်၍ လုပ်နိုင်ပေသည်။ ထိုဝူးဝူးဝါးဝါးမှာ ကျွန်ုပ်၏နားထဲတွင် ‘ထူးမခြားနား’ လို အရသာရှိနေတော့သည်။

သူ ၂ နှစ်သားအရွယ်လောက် ရောက်လာသောအခါ ကျွန်ုပ်နှင့် လုပ်ဖော်ကိုင်ဖက် ကားသမားတိုင်းမှာ ဆံနီအတွက် ချိုချဉ်သကြားလုံးကလေးများ ပါလာတတ်ကြသည်။ ကားပေါ်တွင် ဖခင်အုပ်၍ ကြီးပြင်းလာခဲ့ရသောမိတဆိုးကလေးဖြစ်သဖြင့် အားလုံးက ဝိုင်း၍ချစ်သနားနေကြသည်။ အချို့ကလည်း ကလေးတစ်ဖက်နှင့် ဒုက္ခသုက္ခများလှသော ကျွန်ုပ်၏ဖြစ်အင်ကို ကရုဏာသက်ကြသောကြောင့် အိမ်ထောင်သစ်ထူထောင်ရန် တိုက်တွန်းကြသည်။ ကျွန်ုပ်၏ အချစ်ကား ကေတီအပေါ်တွင် စုပုံထားခဲ့ပြီးဖြစ်ရာ ကေတီမှလွဲ၍ မည်သူ့အားမျှ ဝေခွဲမပေးနိုင်တော့။ ယခုမူ ကျွန်ုပ်၌ရှိလေသမျှသော အချစ်တို့မှာ ကေတီအစားကေတီ၏သားသာလျှင် တစ်ဦးတည်းပိုင် အမွေဆိုင်တော့သည်။ ဖြူဝင်းသောအသား၊ နီထွေးသော နှုတ်ခမ်းပါး၊ ဝိုင်းစက်နက်ပြာတောက်ပြောင်သော မျက်လုံးကလေးများနှင့် မအေတူသားကလေးဖြစ်၍ သူ့ကိုယ်စား သူ့သားနှင့်သာ အလွမ်းဖြေရသည်။ သူ့သားကလေးကိုကြည့်လိုက်တိုင်း သူ့ကိုသာ တရေးရေးထင်၍ မြင်ယောင်နေတော့သည်။

ဆံနီ ၇ နှစ်သားအရွယ်တွင် တစ်နေ့သ၌ ကျွန်ုပ်သည် ကုန်စည်များလှောင်ထားသော ဂိုဒေါင်တစ်ခုမှ ထွက်လာခဲ့စဉ် ဆူဆူညံညံ အသံများ ကြားရပြီး ဆံနီသည် ကျွန်ုပ်ရှိရာသို့ သုတ်ခြေတင်၍ပြေးလာလျက် သူ့နောက်မှ ဝဝဖိုင့်ဖိုင့်မိန်းမကြီးတစ်ယောက်က မြည်တွန်ခြိမ်းခြောက်၍ လိုက်လာသည်ကို တွေ့ရသည်။ ကျွန်ုပ်ထံသို့ ဆံနီ အရင်ရောက်လာပြီး ကျွန်ုပ်၏နောက်သို့ ပြေးဝင်၍ အကွယ်အကာယူရာမှ မကျေနိုင်မချမ်းနိုင်ဖြစ်နေသော မိန်းမကြီးအား ချောင်းမြောင်းကြည့်လေသည်။

“ကျုပ်လိမ္မော်သီးဗန်းထဲက နေ့တိုင်း တစ်လုံးတစ်လုံး နှိုက်သွားတာတော့ ထားပါတော့။ ဒင်းကလေးကို သနားလို့ မထောင်းသာပါဘူး။ မနေ့ကနဲ့ ဒီကနေ့တော့ လေးငါးဆယ်လုံး ကျုံးယူပြီး သူ့ကောင်ကလေးတွေကိုပါ ဆွမ်းကြီးလောင်းတာတော့ ကျုပ်မှာ မရှိလို့ ရောင်းစားရတဲ့ အထဲ သေရုံပဲရှိတော့တယ်”

မိန်းမကြီးမှာ ငိုမလိုဖြစ်နေတော့သည်။ အသက်မှာလည်း ခြောက်ဆယ်ခန့်အရွယ် အမယ်အိုဖြစ်ရှာသည်။ ထိုအခိုက်မှာပင် တိုက်ပျက်ကြီးတစ်ခုအတွင်းမှ ကောင်ကလေး လေး–ငါး–ဆယ်ယောက်သည် ဆံနီမှာကဲ့သို့ပင် လက်ထဲတွင် လိမ္မော်သီးကိုယ်စီနှင့် အလျှိုအလျှို ထွက်လာကြသည်ကို မြင်ရသည်။

“ဆံနီ” ဟု ကျွန်ုပ်က ခပ်ငေါက်ငေါက် ခေါ်လိုက်သည်။

ဆံနီသည် ကျွန်ုပ် ရှိနေခြင်းအတွက် မိန်းမကြီးကို မကြောက်တော့ဘဲ နောက်ကွယ်မှ ထွက်လာသည်။ သူ့

www.burmeseclassic.com



လက်ကလေးကို ကျွန်ုပ် ဆုပ်ကိုင်ထားရာ သူသည် သူ၏ ဝိုင်းစက်နက်ပြာတောက်ပြောင်သော မျက်လုံးများနှင့် (ကေတီ၏မျက်လုံးများနှင့်) ကျွန်ုပ်အား မော်ကြည့်နေသည်။

"ဆံနီ ဟို ကောင်ကလေးတွေကို ဘာဖြစ်လို့ လိမ္မော်သီး နှိုက်ပြီးပေးရတာလဲ"

"ဆံနီက သူတို့ထဲမှာ လူဆိုးဗိုလ်ကြီးကိုး။ ဒါကြောင့် မို့ ယူပေးရတာပေါ့ ဒက်ဒီရဲ့"

ကျွန်ုပ်ကား ဘာမျှမပြောတော့ဘဲ အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး ငွေသုံးကျပ်ကို ထုတ်ယူ၍ မိန်းမကြီးအား "ဒီမယ်အမေကြီး နောက်နောင် ဒီလိုဖြစ်ရင်လည်း ကျွန်တော် လျော်ပေးပါ့မယ်"ဟု တောင်းပန်တိုးလျှိုးရတော့၏။

ဆံနီသည် မိန်းမကြီးအား အခဲမကျေသလို မှုန်တေတေ မျက်နှာထားကလေးနှင့်ကြည့်ပြီး ကားပေါ်သို့ တက်လိုက်သည်။ ကျွန်ုပ်လည်း မိတဆိုးကလေးအား ဘာက စတင်၍ ဆုံးမရမည်ကို ကြံလုံးထုတ်ရင်း ရေ့တည့်တည့်သို့သာ ကြည့်၍မောင်းခဲ့သည်။

ထို့နောက် စကားစတော့မည်ဟု သူ့ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဆံနီကား ကျွန်ုပ်၏ နံဘေးထိုင်ခုံပေါ်၌ အိပ်ပျော်နေတော့သည်။ ဆံပင်ကလေးများ နဖူးပေါ်တွင် ရစ်ဝဲကျလျက် အသက်ကလေးမျှင်းမျှင်းရှူရှိုက်ကာ ဖြစ်သလို အိပ်ပျော်နေရှာပုံကလေးမှာ သနားစဖွယ်ဖြစ်နေသည်။ သူ့မျက်ခုံးမျက်ဖန်၊ နှာတံ၊ နှုတ်ခမ်းပါးကလေးများကို ကြည့်ရင်း သွားလေသူ၏မျက်နှာကို ကွက်ခနဲ ထင်မြင်မိသည်။ ထိုအခါ ကျွန်ုပ်၏လည်ချောင်းထဲတွင် အစိုင်အခဲကြီးတစ်ခု ဆို့တက်လာတော့သည်။

ဤတွင်မှ ကလေးလူဆိုးဗိုလ်ကြီးလုပ်နေသော ဆံနီအား ပေါက်လွှတ်ပဲစားထား၍ မသင့်တော့ပြီဟု ဆုံးဖြတ်ကာ ကျောင်းသို့ပို့ခဲ့သည်။ အန်တီမြကိုလည်း နံနက်ခင်း သူကျောင်းမတက်သေးမီနှင့် ညနေ ကျွန်ုပ် ပြန်မရောက်သေးမီ အချိန်များတွင် သူ့အား စောင့်ရှောက်ရန် ငှားရမ်းခေါ်ငင်ထားခဲ့သည်။ နံနက်တိုင်း ကျွန်ုပ် စောစောထပြီး သူ့အတွက် နံနက်စာကို ချက်ပြုတ်ထားရခြင်း၊ သူ့ရေချိုးရာတွင် နားရွက်နောက်မှ ချေးညှော်များ စင်ကြယ်အောင် ကူညီသာ၍ ချိုးပေးရခြင်း၊ အင်္ကျီဘောင်းဘီကလေးများ ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့် ရှိမရှိ၊ လက်သည်းခြေသည်းများ ရှည်မရှည် ကြည့်ရှုရခြင်းစသော သူ့ဝေယျာဝစ္စများကို ဆောင်ရွက်ခဲ့ရသည်။ အရာရာတွင် ချောချောမောမော ဖြစ်ခဲ့ပေသည်။ သို့ရာတွင် တစ်ညနေမှာကား ကျွန်ုပ် အလုပ်မှ ပြန်ရောက်လာ၍ အန်တီမြပြန်သွားသည်နှင့် မရှေးမနှောင်းပင် မိန်းမခပ်ရွယ်ရွယ်တစ်ယောက်သည် လှေကားမှ ခပ်ဆိုင်းဆိုင်း ခြေလှမ်းများနှင့် တက်လာခဲ့သည်။

"ဆရာမ" ဟု ဆံနီက အော်ခေါ်ပြီး ဆီးကြိုလိုက်သည်။ ထိုအခါမှ အံ့အားသင့်နေသော ကျွန်ုပ်ကလည်း–

"သြော်... ဆံနီတို့ကျောင်းက ဆရာမလား၊ ဘာကိစ္စပါလဲခင်ဗျာ၊ လာပါ၊ လာပါ"

"ကိုဂျော်နီဆိုတာ မဟုတ်လား၊ ကျွန်မ ဆံနီအတွက် ရှင်နဲ့တွေ့ရအောင် တမင်လာခဲ့ရတယ်"

ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားမိသည်။ ဤ ၇ နှစ်သားအရွယ်ကလေးက ဆရာမတစ်ယောက်လုံးအား အိမ်တိုင်ရာရောက်ပင် ပေါ်ပေါက်လာစေလောက်အောင် မည်သို့သော အမှုကို ပြုခဲ့လေပြီနည်း။ ကျွန်ုပ်သည် ဆရာမအား ပန်းအိုးခုံကလေးတစ်ခုဘေးရှိ ကုလားထိုင်ပေါ်တွင် ထိုင်စေသည်။ ထိုပန်းအိုးခုံကလေးကား ကေတီ၏လက်ရာဖြစ်လေရာ သူ့ပန်းအိုးကလေးတွင် ပန်းမညှိုးရန် နံနက်တိုင်း ပန်းအသစ်လဲ၍ ထိုးခဲ့မြဲဖြစ်၏။ ဆရာမသည် ကျွန်ုပ်ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ဝင်ထိုင်တော့သည်။ ကျွန်ုပ်လည်း အခြားကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ပြီးနောက် ဆရာမပြောအံ့သော စကားကို စောင့်ဆိုင်းနေသည်။ ဆံနီကား မျက်စိမျက်နှာပျက်နေတော့ကာ ကျွန်ုပ်နားတွင်ကပ်၍ ရပ်နေသည်။

"ကိုဂျော်နီ၊ ကျွန်မ ဘယ်ကစပြီးပြောရမှန်းတောင် မသိဘူး။ ဒါပေမဲ့ ဒီဟာ ရှင့်ပြဿနာပဲ။ ဒီကနေ့ ဆံနီဟာ အပါဆိုတဲ့ ကျောင်းသားကလေးတစ်ယောက်ဆီက ပစ္စည်းတွေကို ယူသွားတယ်တဲ့။ သူ့အမေကြီးကိုယ်တိုင် စိတ်ဆိုးမာန်ဆိုးနဲ့ ကျောင်းလိုက်လာပြီး တိုင်တယ်။ ပစ္စည်းတွေကလည်း အဖိုးတန်ပုံပဲ။ သူ့အဒေါ်တစ်ယောက်က ဝယ်ပေးတဲ့ ရွှေကြိုးနဲ့ ရွှေလက်ပတ်နာရီကလေးရယ်၊ မန္တလေးက သူ့ဦးလေးက လက်ဆောင်ပေးလိုက်တဲ့ ဆင်စွယ်သေတ္တာကလေးရယ်တဲ့။ အပါက ဒီပစ္စည်းတွေ ကျောင်းယူလာပြီး ကလေးတွေကို ပြတယ်တဲ့"

"ဒါတွေကို ဆံနီ ခိုးလာသလား ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရုက်သွေးမွှန်ကာ ရင်ထုမနာသံကြီးနှင့် မေးမိ၏။ ဆရာမက မချိပြုံးကလေးနှင့် "မဟုတ်ဘူး။ ကျောင်းကအပြန် လမ်းမှာ အပါဆီက ပေးရင်ပေး၊ မပေးရင် ရိုက်မယ်နဲ့ အနိုင်ကျင့်ပြီး အတင်းလုယူသွားတာတဲ့"

"မဟုတ်ဘူး ဒက်ဒီ၊ သူ့ကို ဆံနီမရိုက်ဘူး။ သူ့ဟာ သူပေးတာ။ ဆံနီ့ကိုကြောက်ပြီး သူ့ဟာသူပေးတာ"

ကျွန်ုပ်သည် ယူကြုံးမရသောစိတ်နှင့် ကျွန်ုပ်၏ သားကိုကြည့်ပြီး "ဆံနီ အပါ့ဆီကပစ္စည်းတွေဘယ်မှာလဲ"

ထိုအခါတွင် ဆံနီကား ခေါင်းငုံ့ထားတော့၏။ သို့ရာတွင် သူ့မျက်လုံးများကား အိပ်ခန်းဘက်သို့ ညွှန်ပြလျက်ရှိသည်။

"သွားယူပြီး ဆရာမ ပြန်ပေးလိုက်"

သူသည် အိပ်ခန်းဘက်သို့ ဖြည်းညှင်းစွာ လျှောက်သွားရာမှ ပြန်လာသောအခါ သူ့လက်ထဲတွင် ရွှေကြိုးနှင့် ရွှေလက်ပတ်နာရီကလေးနှင့် ဆင်စွယ်သေတ္တာကလေး ပါလာပြီး ဆရာမ၏ လက်တွင်းသို့ ထည့်လေ၏။ ထို့နောက် ကျွန်ုပ်ဘက်သို့လှည့်ကာ "အပါက သူ့မှာ ဦးလေးတွေ၊ အဒေါ်တွေ အများကြီးပဲတဲ့။ ဆံနီမခံချင်အောင် ခဏခဏ ပြောတယ်။ သူ့မှာ ညီကလေးတစ်ယောက်လည်း ရှိသေးတယ်။ ဆံနီ့မှာတော့ ဒက်ဒီတစ်ယောက်တည်း ရှိတယ်။ ဘာဖြစ်လို့လဲ မသိဘူး" ဟု ဆိုကာ တလိုက်လိုက်နှင့် ရှိုက်ငိုလေတော့သည်။

ဆရာမသည် ထိုင်ရာမှ ထတော့သည်။ ကျွန်ုပ်အား စိတ်မကောင်းဖြစ်ရှာသော မျက်နှာနှင့် လှမ်းကြည့်၏။ ကျွန်ုပ်က ဆို့နင့်နေသောအသံနှင့်–

"ဆံနီ့မှာ သူ့ရှေ့က မားမားမတ်မတ်ရပ်စရာ မအေမရှိဘူး ဆရာမ၊ ဒါပေမဲ့ သူ့အဖေစကားကို ကျေနပ်ပါ။ သူ နောက်နောင် ဒီလိုမဖြစ်စေရပါဘူး"

ဆရာမ ထွက်ခွာသွားလေသည်။ ကျွန်ုပ်သည် မတ်တတ်ရပ်လျက်ရှိရာမှ ကောတီ၏သားကိုငုံ့၍ကြည့်မိသည်။ မှဆိုးဖိုနှင့် မိတဆိုးကလေး၊ သူတို့ကား ပြည့်ပြည့်ဝဝ အိမ်ထောင်စုံ မဟုတ်ချေတကား။ သေးသွယ်သော သူ့ကိုယ်လုံးကလေးကို ကျွန်ုပ်၏ လက်နှစ်ဖက်တွင်း၌ တင်းကျပ်စွာ ဖမ်းယူပြီး ပွေ့ဖက်ထားမိတော့သည်။

"ကောတီရေ… ကောတီရဲ့ မောင်တစ်ယောက်တည်း မင့်သားနဲ့ ဘယ်လို လုပ်ရမှာလဲကွဲ့"

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် မစ္စတာမာတင်ထံသို့ သွားရောက်ကာ ကျွန်ုပ်အား ညဘက်ဂျူတီ ပြောင်းပေးပါမည့်အကြောင်း ပြောကြားသောအခါ မာတင်က ကျွန်ုပ်အား အံ့သြမဆုံးဖြင့် ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"ဟေး … ကျော်နီ ဒါလူသစ်ကလေးတွေရဲ့ နေရာပဲ။ နောက်လ ဂျိုးဇက်ခွင့်ယူရင် မင့်ကို အကြီးဆုံးအုပ်ချုပ်ရေးမှူးခန့်ဖို့ ငါ ရည်စူးထားပြီးသားဆိုတာ မင်းသိဖို့ကောင်းတယ်"

ကျွန်ုပ် တုံ့တွေးမျိုချလိုက်မိတော့သည်။ ဤကား ကျွန်ုပ်ရည်မှန်းလာခဲ့သော ရာထူးပေတကား။

"ကျွန်တော် အင်မတန် ကျေးဇူးတင်ပါတယ် မစ္စတာမာတင်ရယ်။ ဒါပေမဲ့ ဆံနီကျောင်းကပြန်လာရင် ကျွန်တော်ရှိမှဖြစ်မယ်။ ညဘက်ဆိုရင် သူအိပ်ရာထဲ အိပ်နေချိန်မှာ အန်တီမြရှိရုံနဲ့ဖြစ်တယ်။ နေ့ဘက်ဆိုတော့ သူ့လိုကလေးမျိုးကို အန်တီမြက ချည့်ချည့်နဲ့နဲ့ နိုင်အောင်ထိန်းနိုင်မှာ မဟုတ်ဘူး"

မစ္စတာမာတင်သည် ကျွန်ုပ်၏ အလိုကိုလိုက်လျောရတော့သည်။ ကျွန်ုပ်သည် တစ်ညလုံး အလုပ်ဆင်းကာ နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် အိမ်အရောက်ပြန်လာပြီး နံနက်စာအတွက်နှင့် ဝေယျာဝစ္စများကို ဆောင်ရွက်ရသည်။ ဆံနီ ကျောင်းသွားနေစဉ် အိပ်ရေးဝအောင် အိပ်ခဲ့သည်။ ညနေ ဆံနီ ကျောင်းဆင်းလာချိန်မှ ညစာစားပြီး မီးထွန်းချိန်အထိ သူနှင့်အိမ်တွင် အတူနေခဲ့သည်။

သို့နှင့် နှစ်တွေကုန်လွန်ခဲ့ရာ စာသင်ကျောင်းမှာ ဆံနီ့အတွက် လွယ်ကူချောင်ချိနေသည်ကို တွေ့ရသည်။ လွယ်ကူချောင်ချိလွန်းသည်။ အိမ်စာဟူ၍ ယူလာလေ့မရှိ။ အိမ်တွင် စာဖတ်သည်ဟူ၍လည်း မတွေ့ရ။ သူ့စာအုပ်ထဲတွင်လည်း **"သူလုပ်နိုင်သောအလုပ်များကို သူဘယ်တော့မှ ကြိုးကြိုးစားစားမလုပ်"** ဟု မှတ်ချက်များ ရေးသားထားသည်ကို တွေ့ရသဖြင့် သူ့အား မေးမြန်းကြည့်သောအခါ "အလကားပါ ဒက်ဒီရယ်။ သူတို့မေးတိုင်း ဆံနီဖြေနိုင်တာပဲ" ဟု ပြန်ပြောလေ့ရှိသည်။ ကျွန်ုပ်ကလည်း သို့နှင့် လျစ်လျူပြုထားလိုက်၏။ "မိခင်မရှိသောကလေးများဟာ မျက်နှာငယ်ရှာမှာပဲ" ဟု တွေးမိ၏။

သူ ၁၄ နှစ်သားအရွယ်ခန့်တွင်ကား တစ်နေ့[illegible] နံနက်ခင်း၌ ကျွန်ုပ် အလုပ်မှပြန်လာစဉ် သူ့အိမ်ရာ[illegible]ညက

www.burmeseclassic.com

www.burmeseclassic.com



အိပ်ထားခြင်း မရှိသည်ကို တွေ့ရသည်။ သူသည် ကျွန်ုပ် မရှိသော ညအချိန်များတွင် အပြင်သို့ထွက်၍ လည်ချင်ရာ လည်နေပေလိမ့်မည်။ အမယ်ကြီး အန်တီမြကိုကား ဖုတ် လေသည့်ငါးပိ ရှိသည်ဟူ၍မျှပင် သူထင်မှတ်မည် မဟုတ် ချေ။

ညက မိုးပေါက်ဆိန်သည်းခဲ့သည်။ ထိုညမျိုးကား ကားတိုက်မှုများ ဖြစ်ပွားတတ်သော ညမျိုးဖြစ်သည်။ ခါတိုင်းဆိုလျှင် သူ့အား ထိုအချိန်၌ အိပ်ရာထဲတွင် သူအိပ် ပျော်လျက်ပင် ရှိတတ်သေးသည်။ ယခုမူ ကျွန်ုပ်သည် ဆက် လက်မတွေးဝံ့တော့ဘဲ ဒူးများလည်း အားမရှိသလို ချည့်နဲ့လာခဲ့ကြတော့သည်။ ဟာလာဟင်းလင်းဖြစ်နေ သော အိပ်ရာကိုကြည့်ပြီး ရင်ထဲတွင် ဟာသွားမိသည်။ သို့နောက် လေ့ကားမှ လျင်မြန်စွာ လှည့်ဆင်းခဲ့ပြီး အနီးဆုံးပုလိပ်ဌာနသို့ ပြေးခဲ့သည်။ ဆံနီအပြင်သို့ ထွက် လည်ခိုက်တွင် ကားတိုက်ခံရကောင်း ခံရပေလိမ့်မည်။ သူ ဒဏ်ရာရခဲ့မူ ပတ်တရောင် ပုလိပ်များ တွေ့ရှိပေလိမ့်မည်။

အမှန်လည်း ပတ်တရောင်များ တွေ့ရှိခဲ့သည်။ ပုလိပ်တစ်ဦးက ဆံနီရှိရာသို့ ကျွန်ုပ်အား ခေါ်ဆောင်ခဲ့စဉ် "ခင်ဗျား သားတော်မောင်နဲ့ ကောင်ကလေးတစ်ယောက် ကို အိမ်ရှင်တွေအားလုံး ကျိုက္ကမီဘုရားပွဲတော်သွားနေကြ တဲ့ အိမ်တစ်အိမ်မှာတွေ့လို့ ကျုပ်တို့ ခေါ်ထားတယ်။ သူ တို့က မီးတွေထွန်း၊ ဓာတ်စက်ဖွင့်၊ စန္ဒရားတီးပြီး အိပ်ရာ ထဲ အကျဝင်အိပ်နေကြတယ်။ အဆင်ကြည့်ရတာတော့ ဒီတစ်ညတည်းတောင် ဟုတ်မယ်မထင်ဘူး" ဟု ပြောပြ လေ၏။

ဆံနီသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း မတ်တတ်ထ ရပ်သည်။ သို့သော်လည်း ကျွန်ုပ်ကို သူရဲရဲမကြည့်ဝံ့ချေ။

"ဆံနီ..."

ကျွန်ုပ်၏ ကြေကွဲသံကြီးကြောင့် သူတစ်ချက် မော် ကြည့်သည်။ ထို့နောက် အနားသို့ကပ်လာပြီး သူ၏ ဝိုင်း စက်နက်ပြာသော မျက်လုံးများနှင့် ဆင်ခြေကန်တော့ သည်။

"ယုံပါ ဒက်ဒီရယ်၊ ဆံနီတို့ ဘာမှလုပ်တာမဟုတ်ပါ ဘူး။ ဒီလိုရောမ အိမ်ကြီးကြီးတွေထဲမှာ ဘာတွေရှိသလဲလို့ သိချင်လို့ပါ။ နို့ပြီး အထဲရောက်တော့ အိမ်ရှင်တွေနဲ့ တူမလား ဟန်လုပ်ကြည့်တာပါ"

"ခင်ဗျားတို့မိဘတွေကသာ ကိုယ့်သားသမီးတွေကို ဒီလိုပေါက်လွှတ်ပဲစား ပစ်မထားခဲ့ရင်..." ပုလိပ်အရာရှိက အပြစ်တင်စကား ဝင်ပြော၏။

ကျွန်ုပ် လှမ်း၍မဆွဲနိုင်မီ ဆံနီသည် ပုလိပ်အရာရှိကို ဖိနပ်နှင့် တအားကျုံး၍ လှမ်းကန်လိုက်ရင်း "ခင်ဗျားကြီး ဒက်ဒီကို ဒီလိုမပြောနဲ့။ ကျုပ်ဒက်ဒီဟာ အကောင်းဆုံး"

ကျွန်ုပ်သည် ဆံနီ၏ပခုံးနှစ်ဖက်ကို လှမ်းကိုင်လျက် တုန်ယင်နေသော သူ့ကို ကျွန်ုပ်ဘေးသို့ ဆွဲယူထားရာမှ ညို့သကျည်းကို လက်နှင့်ပွတ်ပြီး မျက်နှာကြီးနီရဲကာ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်နေသော အရာရှိအား "ကလေးအမိုက်မို့ပါ ဆရာရယ်" ဟု တောင်းပန်ရတော့သည်။

ထိုအခါမှ ဆံနီသည် အရာရှိ၏ ညို့သကျည်းကို စိန်းစိန်းကြည့်ပြီး မျက်နှာဖြူလျော်သွား၏။ "ဟင် ဆံနီ တမင်လုပ်တာ မဟုတ် မဟုတ်" စကားထစ်ထစ်ငေါ့ငေါ့နှင့် ကျွန်ုပ်အပေါ်သို့ ပိုမိုတိုးကပ်လာ၏။

ဆံနီကား ဘာမဆိုတရှူးထိုးလုပ်မိပြီး မှားမှန်းသိ သည်နှင့်တစ်ပြိုင်နက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ် သည်။ စိတ်မနိုင်သော မိုက်ရူးရဲကလေး ဖြစ်ခဲ့လေသည်။ ပုလိပ်အရာရှိမှာ မကျေမချမ်းဖြစ်နေရာ ကျွန်ုပ်ကလည်း "ဆရာရယ် လက်ဖက်ရည်ဖိုး ကျေနပ်ပါ" ဟု တောင်းပန် တိုးလျှိုး၍ လက်ဖက်ရည်ဖိုးဟု အမည်ခံသော်လည်း စင် စစ်သော်ကား လက်ဖက်ရည်ဖိုးမဟုတ်ဘဲ ဝီစကီဖိုး လာဘ် ထိုးလိုက်ရ၏။ အရာရှိလည်း သူ့ညို့သကျည်းမှအနာ ပျောက်တော့သည်။

ထိုနေ့နံနက် ဆံနီကျောင်းတက်သွားသောအခါ ကျွန်ုပ်သည် စာတိုက်တွင်လည်းကောင်း၊ ဘဏ်တွင်လည်း ကောင်း ငွေစုဆောင်းလာခဲ့သော စာရင်းစာအုပ်များကို အတွင်းအိတ်ထဲမှထုတ်ယူပြီး ထမင်းစားပွဲ၌ထိုင်ကာ စာ အိတ်အညိုပေါ်တွင် တွက်ချက်ကြည့်မိသည်။ စုစုပေါင်း နှစ်ထောင့်ခြောက်ရာကျော် ရှိသည်။ ကျွန်ုပ်ရည်မှန်းလာခဲ့ သော ပန်းတိုင်ကား ငွေငါးထောင်ဖြစ်၏။ သို့မှ နောက် လေးငါးရက်အတွင်း ဆံနီကောလိပ်ကျောင်းတွင် ပညာ ဆက်လက်သင်ကြားနိုင်ပေမည်။

**ကောလိပ်–ကေတီလည်း သူ့သားအတွက် လိုလားပေ လိမ့်မည်။**

ကားမောင်းခြင်းကား ဆံနီ၏ အရာမဟုတ်ချေ။ ဆံနီ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်ပ်ကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း အင်္ဂလိပ်ရုပ်မျိုး မဟုတ်ရာ၊ လေးလံသော ကုန်တင်ကားကြီးများမှာ နုနယ်သော ကျွန်ပ်၏ သားနှင့် လားလားမျှမတန်ချေ။

ကျွန်ပ်သည် ကေတီမရှိသည့်နေ့မှစ၍ ပြုပြင်မည့်သူ မရှိဘဲ သာယာခြင်းကင်းမဲ့ခဲ့သော အိမ်ခန်းကလေးကို ကြည့်မိသည်။ ထို့နောက် စာရင်းများကို ကြည့်မိပြန်သည်။ စာရင်းဂဏန်းများသည် တဖြည်းဖြည်းမှုန်မွား၍သွားကြ၏။ ကျွန်ပ်လည်း စားပွဲပေါ်တွင်ခေါင်းငိုက်စိုက်ကျသွား၏။

"ကေတီရေ မောင်ဘယ်လိုလုပ်ရမှာလဲကွယ်။ ဒီအိမ်ခန်းကလေးဟာ မောင်တို့အဖို့ အဆန်းတကြယ်ထင်ခဲ့ပေမဲ့ မင်းသားက အိမ်ကြီးကြီးခမ်းခမ်းနားနားမှ နေချင်လို့တဲ့။ မောင် ည အလုပ်ဆင်းရုံနဲ့ မပြီးသေးဘူး။ မင့်သားစိတ်ကြိုက်ဖြစ်အောင် အချိန်ပိုအလုပ်လုပ်မှ ဖြစ်တော့မယ်"

ကျွန်ပ်သည် နောက်ဆုံး၌ ဆံနီ၏စိတ်ကြိုက်နှင့် ကိုက်ညီသော အိမ်တစ်လုံးကို တွေ့ခဲ့သည်။ ကိုယ့်ဝင်းကိုယ့်ခြံနှင့် တိုက်ခံနှစ်ထပ်အိမ်ဖြစ်၏။ ရပ်ကွက်မှာလည်း အများအားဖြင့် အင်္ဂလိပ်ကပြားများနှင့် လူကုံထံအလတ်တန်းစားများ နေထိုင်ရာဖြစ်၏။

ဆံနီသည် သူအလိုရှိသော အိမ်ထောင်ပရိဘောဂများကို နားလည်သော်လည်း လိုက်ကာ၊ ခန်းဆီး၊ ကုလားထိုင်၊ စားပွဲ၊ ဗီရိုစသည်များကို သားသားနားနား နေသားတကျရှိအောင် ဆောင်ရွက်နိုင်ခြင်းမှာ မော်လီ၏ကောင်းမှုသာဖြစ်ခဲ့ပေသည်။ ကပြားမကလေးမော်လီကား စာရင်းကိုင် လက်ရေးတိုကျောင်းမှ ဆံနီနှင့် သိကျွမ်းခဲ့သော ကျောင်းသူကလေးတစ်ဦး ဖြစ်ပေသည်။

ဆံနီသည် ကျောင်းတွင် ပညာဖြစ်ဖြစ်မြောက်မြောက် မတတ်ကျွမ်းခဲ့သော်လည်း မိန်းမဘက်မှာ စွမ်းခဲ့သည်။ ဆယ်တန်းမျှ မအောင်သေးမီ ကျောင်းမှထွက်ခဲ့သည်။ သူ့အား ကောလိပ်သို့ပို့ရန်ဟူသော ကျွန်ပ်၏ ရည်မှန်းချက်မှာ ပျက်ပြယ်ခဲ့ရသည်။ "သူနှင့်ဆရာ မျက်နှာကျောမတည့်။ ဆရာက သူ့ကို ညှိုးထားပြီး ဆယ်တန်းစာမေးပွဲ ဝင်ခွင့်မပေးဘဲ စာရင်းမှ ပယ်ထုတ်ထားလိမ့်မည်၊ ထို့ကြောင့် စောစောကတည်းက ကျောင်းထွက်နေလိုက်ခြင်းက ကောင်းတော့သည်" ဟူသော သူ့ဆင်ခြေနှင့်ပင် ကျွန်ပ်မှာ ကျေနပ်နေလိုက်ရ၏။

ထို့နောက် စာရင်းကိုင်နှင့် လက်ရေးတိုကျောင်းတွင် ဝင်ရောက်သင်ကြားလိုပြန်သေးသည်ဆို၍ နေခွင့်ပြုခဲ့ရသည်။ ဤတွင်မှ မော်လီနှင့် ကျောင်းနေဘက်ဘဝမှ မခွာမခွာဘဲ စုံတွဲခုတ်နေကြသော ဘဝကို ရောက်နေခဲ့ကြခြင်း ဖြစ်လေသည်။ သူ စာရင်းကိုင်စာမေးပွဲအောင်မည်၊ မအောင်မည် မသေချာသော်လည်း မော်လီ၏စာမေးပွဲကိုမူကား ရာခိုင်နှုန်း အပြည့်နှင့် အောင်မြင်လိမ့်မည်ဟု သူကိန်းသေ ယူဆထားသည်။

သူ မော်လီအကြောင်းပြောပြသောအခါ သူ့ဟန်အမူအရာနှင့် မျက်နှာထားမှာ ကျွန်ပ်အား "ငါ့သား မငယ်တော့ပါကလား" ဟူသော အသိတရားကို ဖြစ်ပေါ်စေခဲ့သည်။

မော်လီသည် ပြတင်းပေါက်များကို တစ်ခုပြီးတစ်ခု အစိမ်းနုရောင် ခန်းဆီးကလေးများနှင့် ပြုပြင်တပ်ဆင်လျက် ရှိလေ၏။ အသက်ဆယ့်ခြောက်နှစ် အရွယ်မျှ ရှိသေးသော်လည်း အိမ်ကို သားနားအောင် ပြုပြင်မှုတွင် ကေတီကဲ့သို့ပင် ကျွမ်းကျင်သူကလေးဖြစ်ပေသည်။

ဆံနီနှင့်မော်လီသည် ကျွန်ပ်တို့၏ အိပ်ခန်းမှ ဓာတ်ပွင့်ကြီးများ ထိုးထားသော ခန်းဆီးဟောင်းများကို ဖယ်ရှားပစ်ကြသည်။ ၎င်းတို့မှာ နှစ်ပရိစ္ဆေဒအားဖြင့် နေစား၍ ရေလျှော်များခဲ့လှပြီ ဖြစ်သောကြောင့် အသစ်မလဲရင် မဖြစ်တော့ပြီ။ သို့သော်လည်း ၎င်းတို့ကား ကေတီ၏ နောက်ဆုံးကျန်ရှိနေသမျှသော လက်ရာကလေးများဖြစ်တော့ရာ မပစ်ရက်ဘဲ အဝတ်အစားဗီရိုထဲတွင် ကျွန်ပ်၏ အကောင်းဆုံး အဝတ်အစားများအောက်၌ တရိုတသေ သိမ်းဆည်းထားခဲ့သည်။

ဆံနီသည် အဝတ်အစားများနှင့် သုံးစွဲရန်ငွေတို့ကို ပိုမိုအလိုရှိလာသည်။ စန္ဒရားတစ်လုံးကို လိုချင်သည်ပူဆာသဖြင့် အလတ်စားတစ်လုံးကို လဆိုင်းနှင့်ဝယ်ပေးရသည်။ ဆံနီက အတီးကောင်းသလောက် မော်လီ၏သီချင်းသံကလေးမှာလည်း ကြည်လှုံ့ချိုလေးလှပေသည်။ အမေရိကန်ရုပ်ရှင်မင်းသမီး ဒေါ်ရီသီလားမား၏ သီချင်းတွေကို အများအပြား ဆိုနိုင်ပေသည်။ ကျွန်ပ် စုဆောင်းထားသောငွေကလေးများမှာ အတော်လျော့ပါးခဲ့သည်။ ယခုအချိန်တွင် ကျွန်ပ်သည် နေ့အလုပ်ပြန်ဆင်းနေပြီဖြစ်သည့်အပြင် အခွင့်ကြုံတိုင်း အချိန်ပိုအလုပ်များကိုပါ လုပ်ကိုင်နေခဲ့သည်။

မော်လီ၏အိမ်မှာ ကျွန်ပ်တို့နှင့် မဝေးလှပါ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး လွတ်လပ်သော ညတိုင်းလိုလိုမှာပင် အတူတကွ ရှိနေခဲ့ကြသည်။ အလယ်ခန်းမကြီးတွင် သူတို့နှစ်ဦး ကြည်ကြည်နူးနူး ရှိနေကြသံများကို တစ်ခါတစ်ရံ ကျွန်ုပ်၏ အခန်းတွင်းမှ အတိုင်းသားကြားရသည်။ တစ်ခါတစ်ရံလည်း ငြင်းခုံနေသံများကို ကြားရခြင်းမှာ လူပင်ငယ်သော်လည်း လောကအကြောင်းနှင့် ပေါင်းသင်းဆက်ဆံမှုကို နားလည်သော မော်လီက ဆံနီ၏ပြောဆိုနေထိုင်မှု၏ ပြုပြင်ရေးကို အမြဲလိုလို ဆော်ပေးနေသောကြောင့် ဖြစ်လေသည်။ အခါများစွာလည်း အတူတကွ ပူးကပ်စွာ ထိုင်နေကြသော သူတို့၏အခန်းတွင်းမှ ပျော်ရွှင်သော တိတ်ဆိတ်ခြင်းဖြင့် တိတ်ဆိတ်နေကြရာ ကေတီ့ကို အမှတ်ရသောစိတ်သည် ကျွန်ုပ်၏ အသည်းနှလုံးကို နာကျင်အောင် ပြုတော့သည်။

ဘစ်ညတွင် ကုလားထိုင်တစ်လုံးပေါ်တွင် အိပ်ပျော်နေစဉ် သူတို့ရုပ်ရှင်ကားတစ်ခုမှပြန်လာကြသော အသံများကြောင့် နိုးလေသည်။ သူတို့နှင့်အတူ အခြားကျောင်းသူကျောင်းသားများလည်း ပါလာကြသည်။ စန္ဒရားခုံတွင် ထိုင်မိသည်ဆိုလျှင် ဆံနီ၏ပြောဆိုသံများတွင် မာန်စောင်သုန်မှုန်ခြင်းများ ပါလာတော့သည်ကို ကြားရသည်။ သူကား မော်လီနှင့်တစ်ယောက်ချင်းသာ နေလိုခြင်းကြောင့် ဖြစ်ကြောင်း ကျွန်ုပ်သိရသည်။ အိမ်တွင် အခြားသူများကို မရှိစေချင်တော့ သူအလိုရှိသမျှကား မော်လီတစ်ယောက်တည်းသာပင်။ ကျွန်ုပ်လည်း ကေတီနှင့် ဤကဲ့သို့ပင် နေချင်ခဲ့သည်ကို တွေးမိသည်။

ဆံနီက စန္ဒရားတီး၍ မော်လီက သီချင်းဆိုပြီးနောက် သီချင်းတစ်ပုဒ် ဆုံးသွားသောအခါ စန္ဒရားတီးတတ်ခါစဖြစ်ဟန်တူသော သူ့သူငယ်ချင်းတစ်ဦး၏ အသံဖြင့် "မော်လီငါတို့ သီချင်းတစ်ပုဒ်လောက်" ဟု ဆိုကာ သူတီးတတ်သော သီချင်းကလေးကို အဆိုခိုင်း၏။

ထိုအခါ စိတ်ဆိုးခက်ထန် ဒေါသမာန်ထလာသော ဆံနီ၏ အသံမှာ ရှုးရှူးရှဲရှဲဖြစ်လာပြီး–

"ဟေ့ မော်လီက ငါနဲ့သာ သီချင်းဆိုမှာ"

"ဆံနီ ဂျွန့်ကို မော်လီ ကတိခံပြီးပြီ။ ယူ မော်လီ့ကို မပိုင်ဘူး"

မော်လီ၏အသံမှာ ဆံနီ၏ပိုင်စိုးပိုင်နင်းလုပ်ခြင်းကို ခံပြင်းသကဲ့သို့ တင်းတင်းမာမာ ထွက်ပေါ်လာ၏။ ထို့နောက် မော်လီ အော်ဟစ်ရှာ၏။

မှောင်ချထားသော ကျွန်ုပ်၏ အခန်းမှ တံခါးပေါက်ကို ကျော်လွန်ကာ အလယ်ခန်းမကြီးဆီသို့ မျှော်လှမ်း၍ ကြည့်လိုက်သောအခါ မော်လီသည် စန္ဒရားခုံရှည်ကလေးပေါ်တွင် ထိုင်နေပြီးလျှင် ဆံနီကား သူ့အပေါ်မှ ကိုယ်ကိုကိုင်းလျက် သူ့လက်များကို လိမ်ချိုးနေတော့သည်။

ကျွန်ုပ်သည် ခုန်ထလိုက်ပြီး တံခါးဆီသို့ ပြေးလွှားမည်ပြုစဉ် ဆံနီသည် မော်လီ၏လက်များကို လွှတ်လိုက်ပြီးနောက် နောင်တနှလုံး ယူကျုံးမရနှင့် မော်လီအားကြည့်နေပြီး–

"မော်လီ ကိုယ် တမင်နာအောင်လုပ်တာ မဟုတ်ဘူးနော်၊ ကိုယ်... ကိုယ် ဖြန်းခနဲဆိုတော့ ဘာလုပ်မိမှန်းတောင် မသိလိုက်ဘူး"

အခန်းတစ်ခုလုံး တိတ်ဆိတ်နေတော့သည်။ အခြားသူများသည် သူတို့၏အပေါ်အင်္ကျီများကို လှမ်းယူပြီး အသီးသီး ထွက်ခွာသွားကြသည်။ မော်လီကား မလှုပ်မယှက် ဖြစ်နေသည်။

ကျွန်ုပ်သည် တံခါးအတွင်းဘက်နား၌ရပ်လျက် ကျွန်ုပ်၏သားအတွက် ရှက်မိသောစိတ်ဖြင့် စောင့်ကြည့်နေသည်။

အားလုံး ထွက်ခွာသွားကြပြီးသည်နှင့်တစ်ပြိုင်နက် မော်လီသည် ဆံနီ့ဘက်သို့လှည့်ကာ ဝမ်းနည်းကြေကွဲလှသော အသံဖြင့်–

"ယူ့ကို မော်လီဘယ်တော့မှ မကြည့်ချင်တော့ဘူး၊ ယူ့အဖေက ယူ့ကို မြှောက်စားထားတာနဲ့ ယူက ဘုံမြောက်ပြီး..."

"ငါ့အဖေကို ဒီထဲဆွဲမထည့်နဲ့။ ငါ့အတွက်ဆို သူ ဘာမဆိုလုပ်ပေးမှာပဲ။ ငါလည်း သူ့အတွက်ဆို နေမှာ မဟုတ်ဘူး။ တို့အလုပ်ထဲမှာ သူဘာမှဝင်လုပ်တာ မဟုတ်ဘူး" ဟု မော်လီ့အပေါ်မှ မိုး၍ပြော၏။

"ဂျွန်တို့၊ ဟဲရစ်တို့၊ ပက်ဂီတို့ရှေ့မှာ ယူဒီလိုလုပ်တာ မော်လီရှက်တယ်၊ ယူ့အစားလည်း ဝမ်းနည်းတယ်"

ဤတွင် မော်လီသည် ငိုယိုလျက် ထိုင်ရာမှ ရုတ်တရက်ထပြီး ပြေးတော့သည်။ ဖြူဖွေးသော သူ့ခြေထောက်ကလေးများမှာ သူ့အား ကျွန်ုပ်၏ မျက်ကွယ်ရာသို့ ဆောင်ယူသွားကြသည်။

ဆံနီ၏ ခြေလှမ်းကျဲကြီးများသည် မော်လီ့နောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ လိုက်ကြပြီး ခဏမျှအကြာတွင် "ဒါလင်ရယ် ယူ့ကို ကိုယ်ချစ်လွန်းလို့ ဒီလိုဖြစ်ရတယ်ဆိုတာ ယူလည်းသိသားနဲ့ကွယ်" ဟူသော ဆံနီ၏ အယူခံဝင်နေသည့်အသံကို ကြားရသည်။

သူသည် ကလေးမအား သူ့လက်တွင်းသို့ ဖမ်းယူလျက်ရှိရာ ကလေးမက ရုန်းကန်နေကြောင်း ကျွန်ုပ်သိရသည်။ ကျွန်ုပ်၌ စောင့်ကြည့်ပိုင်ခွင့်မရှိ၊ သို့သော်လည်း ဆံနီက စိတ်နောက်ကိုယ်ပါ ပြုလေမည်လားဟု စိုးရိမ်ပူပန်ခြင်း ပြင်းပြသောကြောင့် ရှေ့သို့တိုး၍ ကြည့်မိသည်။

ကလေးမ၏ လက်သီးဆုပ်ကလေးများသည် သူ့ရင်အုံကို ထုနှက်နေစဉ် သူသည် ရုန်းကန်နေသော ကိုယ်လုံးကလေးကို တင်းကျပ်စွာ ပိုက်ထွေးထားရင်း ကလေးမ၏ နားနားသို့ကပ်၍ တတွတ်တွတ်နှင့် ဆီမန်းမန်းနေတော့ရာ လက်သီးဆုပ်ကလေးများမှာ တဖြည်းဖြည်းပြေသွားပြီး သူ့လည်ပင်းကို ရစ်ပတ်သွားကြသည်။ ထိုအခါမှ "မော်လီ မော်လီ မောင့်ကို ဘယ်တော့မှ မခွဲနဲ့နော်၊ ယူမရှိရင် မောင်နေလို့ရမှာမဟုတ်ဘူး" ဟူသော ဆံနီ၏ စိတ်သက်သာရာ ရသွားသည့်အသံကိုကြားရပေသည်။

ကျွန်ုပ်သည် မိမိ၏စိုးရိမ်ထိတ်လန့်မှုအတွက် ရက်ပြုံးနှင့် ပြုံးမိတော့ကာ ပက်လက်ကုလားထိုင်ရှိရာသို့ ပြန်ခဲ့သည်။ ကေတီ၏သားကား အမှန်စင်စစ်အားဖြင့် အဘယ်မှာလျှင် ဤမျှလောက် စိတ်သဘောထား သေးသိမ်နိုင်ပါအံ့နည်း။

ကျွန်ုပ်၌ သမီးကလေးတစ်ယောက်ရှိမည်ဆိုလျှင် မော်လီလို သမီးကလေးမျိုး ဖြစ်စေချင်သည်။ မော်လီမှာ အမှန်တော်ရှာသော ကလေးမဖြစ်သည်။ သို့တိုင်အောင်လည်း မော်လီနှင့်ဆံနီတို့မှာ တစ်ဦးအပေါ်တွင်တစ်ဦး အလွန်အမင်း စိတ်အားထက်သန်နေကြခြင်းကိုကား ကျွန်ုပ် စိတ်သောကမကင်းဖြစ်ရသည်။ သူတို့နှစ်ဦး ဤမျှပြင်းပြင်းထန်ထန် ချစ်အားသန်နေကြရန် မသင့်၊ ငယ်ရွယ်လွန်းလှသေးသည်။ ထိုအကြားမှာပင် ဆံနီကား တစ်နေ့တွင် သူ့အား မော်လီနှင့် စေ့စပ်တောင်းဆိုပေးရန် ကျွန်ုပ်ထံ အပူကပ်တော့သည်။

"ဆံနီ" ဟုခေါ်ပြီး သူ့အကဲကို ကြည့်လိုက်ရာ ကျွန်ုပ်၏ ခပ်ဆိုင်းဆိုင်းလုပ်နေခြင်းအတွက် ဆံနီသည် အားမလိုအားမရ ဖြစ်နေသည်။ သူ့မျက်လုံးများမှ အရောင်များမှာ စိတ်အားထက်သန်ခြင်းဖြင့် တောက်ပြောင်နေကြသည်။ သူ့နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထားသည်။

ကျွန်ုပ်က ဆက်လက်၍–

"မော်လီဟာ လိမ်လိမ်မာမာနဲ့ တကယ်ချစ်စရာကောင်းတဲ့ ကလေးမပဲ။ ဒါပေမဲ့ မင်းတို့နှစ်ဦးစလုံး ငယ်သေးတယ်။ မင်း သူ့ကို ဘယ်လိုကျွေးမွေးမလဲ။ မင့်မှာ ဘာစာ၊ ဘာပညာမှ မတတ်သေးတာ"

"ဒက်ဒီရာ စာမေးပွဲတို့၊ ဘာတို့အောင်တယ်ဆိုတဲ့ ပညာတွေဟာ အလကားပါ။ ပိုနေတာပဲ။ ဒက်ဒီကော မာမီ့ယူတုန်းက ဘာပညာတတ်ခဲ့လို့လဲ"

"ဒါပေမဲ့ ဒက်ဒီ့မှာ အလုပ်ရှိတယ်။ ကားမောင်းတတ်တယ်"

"ဆံနီလည်း ကားမောင်းသင်ပြီး ဒက်ဒီ့လိုပဲ ဒရိုင်ဘာလုပ်မှာပေါ့"

ကျွန်ုပ်သားကို ကျွန်ုပ်ကြည့်ရင်း ဝမ်းအနည်းကြီးနည်းမိသည်။ သူ့ကို အထက်တန်းရောက်အောင် ကျွန်ုပ်အတန်တန် ကြိုးစားလာခဲ့လျက်နှင့် သူ ဤစကားမှ ပြောထွက်အောင် ပြောရက်သည်။ ဘာမဆို သူ့အလိုကျ လိုက်လျောခဲ့သည်။ ယခုမူ သူဒရိုင်ဘာ လုပ်မည်ဟု ပြောနေသည်။

"ဟေ့ ဆံနီ မင့်ပညာကိုသာ မင်းတတ်အောင် ကြိုးစားစမ်းပါ။ မစ္စတာမာတင်ဆီမှာ ငါအလုပ်ပြောပေးမယ်။ ဒရိုင်ဘာလုပ်မယ်ဆိုတဲ့ စကားတော့ နောက်နောင်မကြားရစေနဲ့၊ ဒါပဲ သွားတော့"

ကျွန်ုပ်သည် သတင်းစာကို ကောက်ကိုင်ပြီး မျက်နှာကို ကွယ်ထားလိုက်သည်။ သတင်းစာကိုင်ထားသော ကျွန်ုပ်၏ လက်များကား မသိမသာ တုန်ယင်နေကြတော့သည်။ ဆံနီ မကြည်မသာနှင့် ထွက်ခွာသွားတော့မှ သတင်းစာကို ပစ်ချလိုက်ပြီး "ကေတီရေ မင့်သားက ဒရိုင်ဘာ လုပ်ချင်လို့တဲ့ကွ" ဟု မြည်တမ်းရင်း ကျွန်ုပ်မှာ ကြီးစွာသော စိတ်ဆင်းရဲခြင်း ဖြစ်ရသည်။

ထိုနေ့ညနေ ကျွန်ုပ်အလုပ်မှ ပြန်လာသောအခါ အိမ်တွင် ဆံနီမရှိချေ။ ကျွန်ုပ် ညစာစားပြီးချိန်တိုင်လည်း ပြန်ရောက်မလာသေးချေ။ ကျွန်ုပ်သည် အိပ်ရာသို့ဝင်ပြီး စိတ်တထင့်ထင့်နှင့်ပင် အိပ်ခဲ့ရသည်။ ဆူညံသော တယ်လီဖုန်းသံသည် ကျွန်ုပ်အား အိပ်ရာမှ လှုပ်နှိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(အိမ်၌ ထိုတယ်လီဖုန်းထားရှိခြင်းကား မစ္စတာ မာတင်၏ ကောင်းမှုဖြစ်သည်။ တစ်ခါတစ်ရံ စစ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အချိန်မရွေး အရေးပေါ်အကြောင်းကိစ္စများ ပေါ်ပေါက်တတ်ရာ မစ္စတာမာတင်လည်း ကျွန်ုပ်ယံသို့ အချိန်မရွေးလှမ်း၍ အကြောင်းကြားစေခိုင်း ခေါ်ငင်နိုင်ရန်အတွက် ဖြစ်သည်။)

"ဒါ ကိုဂျော်နီလား"

ကျွန်ုပ်က ဟုတ်ကြောင်းဖြေလိုက်သောအခါ-

"ကျုပ်တို့ဌာနမှာ သူငယ်တစ်ယောက် ရောက်နေတယ်။ သူက ခင်ဗျားသားလို့ ပြောတယ်"

"ကျွန်တော် အခုချက်ချင်းပဲ လာခဲ့ပါ့မယ်"

ကျွန်ုပ် ဌာနသို့ရောက်သွားသောအခါ ဆံနီအား အခြားသူငယ်တစ်ဦးနှင့်အတူ မီးရောင်အောက်ရှိ သစ်သားခုံရှည်တစ်ခုပေါ်တွင် ထိုင်နေသည်ကို တွေ့ရသည်။ သူ့နဖူးတွင် ကန့်လန့်ဖြတ် အနီစင်းကြီးတစ်ခု ထင်နေလျက် ရှပ်အင်္ကျီလက်တစ်ဖက်မှာလည်း စုတ်ပြတ်နေသည်။ အခြားသူငယ်၏ ပါးပြင်မှာလည်း သွေးချင်းချင်းနီရဲသော ဒဏ်ရာကြီးနှင့် ဖြစ်နေသည်။ ဒေါသကြီးပုံရသော လူကြီးတစ်ယောက်ကား အနီးတွင် မတ်တတ်ရပ်လျက် သူတို့အား လက်သီးလက်မောင်းတန်း၍ အော်ဟစ်ဆူပူက်နေတော့သည်။

"ရန်ဖြစ်တာပဲ" ဟု တွေးမိလျက် ကျွန်ုပ်၏လက်များမှာ တုန်ယင်နေခြင်းမှ သက်သာရာ ရခဲ့သည်။ ဆံနီသည် တရှူးထိုးဒေါသဖြင့် စဉ်းစားခြင်းမရှိဘဲ ထိုသူငယ်အား ရိုက်နှက်လိုက်ခြင်းဖြစ်တန်ရာသည်။ ယခုမူ သူ့ထုံးစံအတိုင်း နောင်တရလောက်ပြီဟု အောက်မေ့မိသည်။

သို့သော် ဤသို့ကား ရိုးရိုးသားသား ဖြစ်ပုံမျိုးမဟုတ်ချေ။ "ခင်ဗျားသားက မော်တော်ကားတစ်စီး ခိုးမောင်းပြီး ဖျက်ဆီးပစ်လိုက်ပြီ။ ဟောဒီဟာက အုံနာဦးဘိုးရင်ပဲ" ဟု ပုလိပ်အရာရှိက ဆီး၍ပြောရင်း ဆူပွက်နေသောလူကြီးကို ညွှန်ပြသည်။

ဦးဘိုးရင်ဆိုသူ ပိန်ပိန်သေးသေးကား သူခိုးပေါက်စကလေးတွေ သူတစ်ပါးပစ္စည်းခိုးပြီး ဒီလိုပဲ ဖျက်ဆီးပစ်ရသလား၊ ဘာလား၊ ညာလား စသည်ဖြင့် လူနှင့်မလိုက်အောင် ဒေါသကြီးမြဲ ကြီးနေသည်။

ဆံနီသည် သူ၏ဝိုင်းစက်နက်ပြာသော မျက်လုံးများကို လှန်၍ ခိုကိုးရာကင်းမဲ့သော အဖြစ်မျိုးနှင့် ကျွန်ုပ်အား ကြည့်ပြီး

"တကယ်ပြောတာပါ ဒက်ဒီရယ်၊ ဆံနီ တမင်လုပ်တာမဟုတ်ပါဘူး။ သူ့ကား သော့တန်းလန်းနဲ့တွေ့တော့ ဆံနီကားမောင်းတတ်ချင်လို့ အမောင်းသင်ကြည့်တာပါ။ လမ်းဘေးက ဓာတ်တိုင်ကို တမင်တော့ ဘယ်သူဝင်တိုက်ပါ့မလဲ။ မတော်တဆမို့သာ ဖြစ်ရတာပေါ့"

ကျွန်ုပ်သားကို ယူကျုံးမရနှင့်ကြည့်မိတော့သည်။ ထို့နောက် ဦးဘိုးရင်ဘက်သို့လှည့်ကာ-

"ထိခိုက်နစ်နာသမျှ ကျုပ်လျော်ပေးပါ့မယ်"

"ဒီလိုနဲ့ ဘယ်ပြီးနိုင်မလဲ၊ ဒါ ဥပဒေကို ကျူးလွန်ထားတဲ့ အမှုပဲ။ ဥပဒေအတိုင်း..." ပုလိပ်အရာရှိကဝင်၍ အရိပ်ပြ၏။ ကျွန်ုပ်ကလည်း

"ကလေးတွေ မတော်တဆလုပ်မိတဲ့ ကိစ္စကလေးပဲဗျာ၊ ကြည့်လုပ်လိုက်ပါ ဗိုလ်ကြီးရာ ထုံးစံအတိုင်းပေါ့" ဟု အကောင်ထင်လိုက်ရသည်။ ထို့နောက် ဦးဘိုးရင်ဘက်သို့-

"ဘယ်လောက်လဲ"

"အင်း ... ပြန်ပြင်ဖို့ဆိုတာတောင် မလွယ်လှဘူး။ အခုနေ ကားပစ္စည်းတွေက အင်မတန်ရှားနေတယ်။ အနည်းဆုံး သုံးရာလောက်တော့ ကုန်မှာပဲ"

"ဒက်ဒီ ဒါသက်သက်ပိုပြီး မတရားလိုချင်တာ။ ငါးဆယ်တောင် ကုန်မှာမဟုတ်ဘူး" ဟု ဆံနီက ခံပြင်းသံနှင့် အော်လေ၏။

"သုံးရာက တစ်ပြားမှမလျှော့ဘူး" ဦးဘိုးရင်က ထပ်၍ ခေါင်းမာတော့သည်။

ကျွန်ုပ်သည် ရှပ်အင်္ကျီအတွင်းအိတ်ဆီသို့ တဖြည်းဖြည်းလက်ရောက်သွားတော့ကာ ဘဏ်စာအုပ်ကို ထုတ်ယူပြီး ချက်လက်မှတ်ရေးပေးလိုက်ရသည်။ အဆင်သင့်ပါလာသော ငွေလေးဆယ်ကိုလည်း ပုလိပ်တော်အရာရှိအား ပယင်းရောင်နှင့် ကြက်ပေါင်ကိုသုံးဆောင်ရန် လက်ဖက်ရည်ဖိုး ပေးဆက်ခဲ့ရသည်။

နောက်တစ်နေ့ မီးထွန်းချိန်တွင် ကျွန်ုပ်သည် ခါတိုင်းကဲ့သို့ပင် အခန်းတွင်း၌ ညနေပိုင်းထုတ် သတင်းစာကို ဖတ်နေစဉ် အပြင်အလယ်ခန်းမကြီးဆီမှ ဆံနီနှင့်မော်လီတို့၏ အသံများမှာ ရန်ဖြစ်သည်အထိ ကျယ်လောင်

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်ကို ကြားရသည်။ ပထမတွင် ဆံနီ၏အသံသည် ခက်ထန်လျက်ရှိ၏။ နောက်၌ကား မော်လီ၏ဒေါသသံမှာ ပြင်းထန်စွာ မြင့်တက်လာတော့သည်။

"ဆံနီ ယူနည်းနည်းနည်းကလေးမှ မကောင်းတော့ဘူး။ ယူ့ကို မော်လီစိတ်ပျက်ပြီ။ ယူ ကျောင်းမှာလည်း အချိန်ဖြုန်းနေတာပဲ။ လူတိုင်းလူတိုင်း ကိုယ်လိုတာ ရချင်ရင် ဝီရိယနဲ့ ကြိုးစားယူရတယ်ဆိုတဲ့ အသိဉာဏ်မျိုး ယူ့မှာမရှိဘူး။ ယူ တစ်နေ့နေ့ စိတ်ပြောင်းလာလိမ့်မယ်လို့ မော်လီထင်ခဲ့တယ်။ ဒါပေမဲ့ မပြောင်းဘူး၊ အလကားပဲ။ ကဲ မနေ့ညကလည်း သူများကားကိုခိုးယူပြီး အို ဆံနီ ယူ့ကိုမှ မော်လီချစ်ခဲ့မိပလေတယ်"

တံခါးဆီသို့ သွက်လက်ထက်မြက်စွာ ပြေးသွားသော မော်လီ၏ခြေသံများနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ချစ်သူအား ဆုံးရှုံးခြင်းဖြစ်ရတော့မည်ကို မခံမရပ်နိုင်သော အသံကြီးနှင့် "မော်လီ ပြန်လာခဲ့ မော်လီ ကမ်းဘက်ခ်" ဟု အော်ဟစ်ပြီး ဆံနီ ထိုင်ရာမှ ခုန်ထ၍လိုက်သွားတော့သည်မှာ ကုလားထိုင်လဲကျကျန်ရစ်ခဲ့သံကိုပါ ကြားရသည်။

ထို့နောက်ကား တအားအော်ဟစ်လိုက်သော မော်လီ၏ စူးရှသည့်အသံကလေး ပေါ်ထွက်လာသည်။ ဆံနီသည် ကိုယ်လုံးကလေးကို သိမ်းကျုံး၍ ချစ်သွေးမွှန်ကာ အလွန်အကျွံ ဖျစ်ညှစ်လိုက်ခြင်းကြောင့် ဖြစ်ဟန်တူသည်။

ကျွန်ုပ်သည် ထိုင်ရာမှထရန် ကိုယ်တစ်ပိုင်းကြွမိသည်။ နောက်ထပ်၍ကား အသံမကြားရတော့။ ထိုအခါမှ သက်ပြင်းချ၍ ပြန်ထိုင်လှဲလိုက်ရသည်။ ကျွန်ုပ်၏လက်တွင်းရှိ သတင်းစာမှ အတွင်းစာရွက်များလည်း ကြမ်းပြင်ပေါ်တွင် ကျွတ်လွတ်ပြန့်ကျဲ၍ တစ်ရွက်စီဖြစ်နေကြသည်။

သူတို့ကား တစ်ဦးနှင့်တစ်ဦး ပြန်လည်ကျေနပ်ကြည်နူးနေကြမည်ဖြစ်သည်း ဟိုစဉ်အခါများက ကျွန်ုပ်သည် ကေတီအား တံခါးနားတွင် ညဘက်နှုတ်ဆက်ကြရာမှ ကြာမြင့်တိတ်ဆိတ်စွာ ပွေ့ဖက်ထားခဲ့သည်။ ကျွန်ုပ်သည် ကုလားထိုင်နောက်မှီတွင် ခေါင်းတင်ပြီး မျက်လုံးများကို မှိတ်ထားလိုက်တော့သည်။

အသံတစ်ခုသည် ကျွန်ုပ်၏ အာရုံကို လှုပ်ရှားလိုက်ပြန်သည်။ ဆံနီကား အခန်းပေါက်ဝနားတွင် ရပ်လျက်ရှိတော့သည်။ နီကျင့်ကျင့်ရှိသော သူ့ဆံပင်တစ်ခက်သည် ချွေးသီးချွေးပေါက်ထနေသော သူ့နဖူးပြင်ပေါ်တွင် တွဲလွဲကျနေသည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နှင့် မောဟိုက်သလို ဖြစ်နေသည်။ မျက်နှာလည်း သွေးမရှိသလို ဖြူလျော်နေသည်။ ထို့နောက် ကြွက်တက်သောသူကဲ့သို့ ရုတ်တရက် ညွတ်ကွေး၍ ကျသွားသည်။ ကျွန်ုပ်သည် ထိုင်ရာမှခုန်ထပြီး သူ့ပခုံးနှစ်ဖက်ကို ကိုင်ဖမ်းလျက် မှေးထားလိုက်ရသည်။ ထို့နောက်မှ ကုလားထိုင်ပေါ်တွင် လှဲစေသည်။

"ဘာဖြစ်သလဲ ဆံနီ"

ဆံနီသည် ရှိုက်ကြီးတငင်နှင့် ငိုကြွေးတော့သည်။

"ဆံနီ တမင်လုပ်တာမဟုတ်ဘူး။ ဆံနီ သူ့ကိုချစ်တယ်။ သူက ဆံနီ့ကို မုန်းပြီးသွားတော့မလို့။ ဒါကြောင့်မို့ ဆံနီက သူ့ကိုမသွားရအောင် တားတဲ့သဘောနဲ့သာ လုပ်မိတာပါ"

ကျွန်ုပ်မှာ တစ်မိနစ်ခန့် ကြက်သေသေ၍ မှင်တက်ကြီးမိနေမိ၏။ ထို့နောက်ကား အလယ်ခန်းမတွင် မော်လီ၏ ဖြစ်အင်ကို ဝမ်းနည်းစွာ တွေ့မြင်ရတော့သည်။ မော်လီကား တံခါးနားတွင် လဲနေသည်။ ခြေတစ်ဖက်ကွေးကာ ကိုယ်ကလေးတွန့်လိမ်လျက်ရှိသည်။ သူ့နဖူးမှာ ကြမ်းပြင်တွင် ငိုက်စိုက်ကျနေသည်။ အစိမ်းရောင်ကြမ်းပြင်ပေါ်တွင် ချစ်စရာကောင်းသော သူ့ဆံပင်ကလေးများ ဖွာကျလျက် ဖိနပ်တစ်ဖက်လည်း သူ့ခြေရင်းနားတွင် ကျွတ်ထွက်နေပုံကိုကြည့်ရင်း ကျွန်ုပ်မှာ ထိတ်လန့်တုန်လှုပ်ခြင်း ပြင်းပြကာ ထွက်ပြေးချင်စိတ် ပေါက်လာမိသည်။ သို့နှင့်လည်း မနေသာဘဲ ဒူးထောက်ထိုင်ချကာ သူကလေးကို မ,ပြီး သူ့နာမည်ကလေးကို တသသနှင့် ခေါ်မိသည်။

သူ့ဦးခေါင်းကလေးမှာ ကျွန်ုပ်၏ လက်မောင်းပေါ်တွင် အရုပ်ကြိုးပြတ်ဖြစ်နေသည်။ ဖြူဖွေးသော သူ့လည်မျိုပတ်လည်တွင်ကား လက်တစ်လုံးစာအနံ့ရှိသော အနီစင်းကြီးများနှင့် ဖြစ်နေတော့သည်။ သူ့အား အိပ်ရာဆီသို့ ပွေ့ချီယူခဲ့ကာ သူ့ရင်အုံပေါ်တွင် နားကပ်၍ ထောင်ကြည့်သည်။ သို့သော်လည်း ကျွန်ုပ်၏ ရင်အုံမှ အပြင်းအထန်ခုန်နေသော တုန်လှုပ်သံနှင့်ပင် အခြားဘာမျှမကြားရတော့ချေ။ သူ့မျက်နှာပေါ်မှ ဆံပင်များကို ဖယ်ရှားပေးပြီး ကျွန်ုပ်၏ နဖူးကို သူ့ပါးစပ်ဆီသို့ကုန်း၍ ထွက်သက်ဝင်သက်ကို ခံယူကြည့်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ခေါ်ရန် သတိရသည်။ မြော်လင့်ချက် ရှိကောင်းရှိပေလိမ့်မည်။ သို့သော်လည်း ကျွန်ုပ် မခေါ်ရဲချေ။ ဆံနီ့အတွက် ခက်ချိမ့်မည်။ ဆံနီ တမင်လုပ်ခြင်းမဟုတ်၊ သူ မော်လီကိုချစ်လွန်း၍ သူ့အား မော်လီစွန့်ခွာသွားသောအခါ သွေးမွှန်ပြီး အချစ်လွန်မိခြင်းသာ ဖြစ်သည်။

"မော်လီ"

သူ့လက်ကလေးကို ကိုင်စမ်းကြည့်လိုက်သည်။ သွေးမရှိတော့ချေ။ အို မော်လီ အသက်မရှိတော့ပြီ။ ကျွန်ုပ် တစ်ခုခု လုပ်ရလိမ့်မည်။ မြန်မြန်လုပ်မှ ဖြစ်တော့မည်။

ဆံနီကား ရေချိုးခန်းတွင်းသို့ ရောက်နေတော့သည်။ သူ့မှာ ကိုးကွယ်စရာ ရာမရဖြစ်နေသည်။ တုန်တုန်ချိချိနှင့် ဘာလုပ်ရမှန်း မသိ၊ ကျွန်ုပ် သွားရောက်ပြီး သူ့ပခုံးကို ဆုပ်ကိုင်လိုက်သောအခါ မျက်ရည်တွေဝိုင်းနေသော မျက်လုံးများနှင့်သာ ကျွန်ုပ်အား ငေးကြောင်၍ ကြည့်နေသည်။

"ကိုယ့်အိပ်ရာထဲ ကိုယ်ဝင်နေ၊ တံခါးစေ့၊ ခြင်ထောင်ပါချထား။ ဘယ်သူလာလာ မင်းတစ်ညနေလုံး ဖျားပြီး ဘာမှမသိတဲ့ အနေလုပ်နေ"

ထို့နောက် ကျွန်ုပ်သည် သက္ကလပ်စောင်ကြီးတစ်ထည်နှင့် မော်လီအား ရစ်ပတ်ပြီးနောက် မှောင်နေသော မီးဖိုခန်းသို့ ယူဆောင်ကာ ကြမ်းပြင်ပေါ်တွင် ချလေသည်။ သူတို့တတွေ ကေတီ၏သားကို လက်ဖျားနှင့်မျှ မထိစေရ။ သူမုန်း၍ လုပ်ခြင်းမဟုတ်၊ တမင်ရည်ရွယ်ခြင်းမဟုတ်၊ ချစ်လွန်း၍သာ မတော်တဆ လက်လွန်မိခြင်းဖြစ်သည်။ ကျွန်ုပ် မော်လီအား အပြင်သို့ ထုတ်ဆောင်သွားရမည်။ အကယ်တည့် ထိုအတောအတွင်း တစ်စုံတစ်ယောက် လာဘိမူ အသို့နည်း။ ဆံနီအား တစ်ယောက်တည်း ထားခဲ့ရသည်ကပင် နောက်ဆံတင်းမိတော့သည်။

ထိုအခိုက် အိမ်ရှေ့ဘက်ဆီမှ မော်တော်ကားတစ်စင်း ဖြည်းညှင်းစွာ အရှိန်လျှော့၍ လာသည်ကိုကြားရသောအခါ ကျွန်ုပ်မှာ လည်ချောင်းနင်ကာ လည်မျိုတွင် တစ်ဆို့ကြီးဖြစ်နေတော့သည်။ စိတ်ထဲမှာလည်း ဘုရားတလိုက်မိသည်။ အိမ်ထဲသို့ ပြန်လှည့်ပြီး မီးများကပျာကယာ ငြိမ်းထားလိုက်သည်။

"အိပ်ရာထဲသွားနေ" ကျွန်ုပ်က ဆံနီအား တွန်းလွှတ်လိုက်သည်။

ပြေးသွားသောသူ့ခြေသံများနှင့် သူ့အိပ်ခန်းတံခါးကို ပိတ်လိုက်သောအသံကိုပါ ကြားရသည်။ မှောင်ထဲတွင် ကျွန်ုပ်သည် ကလေးမ၏အပေါ်မှမိုး၍ ရပ်လျက် နားစွင့်နေရာ တဒိတ်ဒိတ်ခုန်နေသော ကျွန်ုပ်၏ ရင်တုန်သံကြီးသာလျှင် ကျွန်ုပ်အား ပြန်၍ချောက်ချားနေတော့သည်။

အချိန်အတန်ကြာ လွန်ခဲ့ပြီဟုထင်ရပြီးနောက် အိမ်ရှေ့ခန်းသို့လည်း မည်သူတစ်စုံတစ်ယောက်မျှ ပေါ်ပေါက်လာခြင်းမရှိရာ ကျွန်ုပ်သည် နောက်ဖေးတံခါးပေါက်ကို သွားရောက်ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် စူးရှခက်ထန်သော မိုးရေပေါက်ကလေးများသည် လေအေးနှင့်ရောစွက်လျက် ကျွန်ုပ်၏မျက်နှာကိုဆီးကြိုပက်ဖြန်းလိုက်ကြသည်။ ကျွန်ုပ်သည် မိုးမခပင်များ ထူထပ်စွာပေါက်နေသော တောင်ကုန်းကြီးဆီသို့ မျှော်ကြည့်လိုက်သည်။ လ ရောင်ကလေး မှုန်မွှားမွှားနှင့် မိုးသားတွေ အုပ်ဆိုင်းနေသော ရှုမျှော်ခင်းအောက်တွင် မှောင်ထုကြီးကိုသာ မြင်ရသည်။

ကျွန်ုပ်သည် သက္ကလပ်စောင်ပတ်ထားသော ဝန်ထုပ်ကို သယ်ယူခဲ့ပြီး အိမ်မှထွက်ခဲ့သည်။ နောက်ဖေးလမ်းကို ဖြတ်ကူးခဲ့ရာ ကံအားလျော်စွာ လူခြေတိတ်လျက်ရှိသည်။ ထို့နောက် မြက်များပေါက်နေသော လူသွားလမ်းဟောင်းကလေးမှ တောင်ကုန်းရှိရာသို့ အပြေးအလွှားလာခဲ့သည်။ လရောင်မှုန်မွှားမွှားအောက်တွင် သွားရမည့်လမ်းကို ရည်ရော်မှန်းကာ အကန်းတစ္ဆေမကြောက် လာခဲ့ရသည်။ ထိုအတွင်း မလိုတမာမိုးသည် အငြိုးနှင့် သည်းချလိုက်ပြန်သည်။ မိုးမှောင်ကြီးကျကာ ဘာမျှမမြင်ရချေ။ တစ်ချက်တစ်ချက် ဝင်းခနဲဝင်းခနဲ လက်လိုက်သော လျှပ်စီးရောင်များကြောင့်သာ တော်ပေတော့သည်။

မိုးရေများကြောင့် ကျွန်ုပ်၏ တစ်ကိုယ်လုံး ရေခဲတုံးဖြစ်နေသည်။ သို့သော်လည်း အိမ်တွင်တစ်ယောက်တည်း ထားခဲ့ရသော ကေတီ၏သားအတွက် စိုးရိမ်ခြင်းပြင်းထန်လျက် ရင်တွင်း၌မူ မီးလျှံတမျှ ပူလောင်လျက်ရှိသည်။ နောက်ဆုံး၌ တောင်ကုန်းပေါ်သို့ ရောက်ခဲ့သည်။ တောင်ကုန်းတစ်ဖက်မှာကား ဘုန်းကြီးကျောင်းပျက်ကြီးတစ်ခုရှိသည်။ ထိုကျောင်းပျက်ကြီးအနီးအပါး တစ်နေရာတွင်လည်း ရေတွင်းပျက်ကြီးတစ်ခု ရှိပြန်သည်။ ထိုနေရာကို ကျွန်ုပ် ငယ်စဉ်ကပင် မှတ်မိခဲ့သည်။

လက်မောင်းများသည် ထုံကျဉ်လာခဲ့သည်။ ဝန်ထုပ်ကလည်း မိုးရေများဖြင့် လေးလံလှတော့သည်။ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



သည် ရှေ့သို့တစ်လှမ်းချင်းတိုးခဲ့ပြီး ရေတွင်းပျက်ကြီး၏ နှုတ်ခမ်းပေါ်တွင် သတိကြီးစွာဖြင့် ရပ်မိလေပြီ။ မိုးရွာထားသောကြောင့် ရေတွင်းအောက်ခြေ၌ ရေအခံရှိသည်။ နောက်တစ်ကြိမ်ဝင်းလက်လိုက်သော လျှပ်စီးရောင်တွင် ကံဆိုးလှသော ကလေးမရှိရာသို့ တစ်ချက်ငုံ့ကြည့်မိသည်။ ထို့နောက် ရေတွင်းထဲသို့ ချလိုက်လေသည်။ အမှောင်ကြောင့် ဘာမျှမမြင်ရသော်လည်း ကျသွားသော ရေသံကြီးကို ကြားလိုက်ရသည်။

ကျွန်ုပ်၌ သနားစိတ်မျိုသိပ်၍ မရတော့ပါ။

"မော်လီ… မော်လီ"

ချစ်စရာကောင်းသော သူ့နာမည်ကလေးကို တသသနှင့် ခေါ်ငင်ရင်းမှ ရေတွင်းဘေးတွင် ဒူးထောက်လှဲချပြီး ရှိုက်သံကြီးများဖြင့် တစ်ကိုယ်လုံး တုန်လှုပ်နေမိပါသည်။

သို့ရာတွင် ကျွန်ုပ်စဉ်းစားရမည်မှာ ဆံနီအတွက်ဖြစ်သည်။ မော်လီပြန်ချိန်တွင်၌ ပြန်ရောက်မလာခဲ့မူ သူတို့ မော်လီ့ကို လိုက်ရှာကြတော့မည်။

ကျွန်ုပ်သည် နောက်ဆုံး၌ နောက်ဖေးဆောင် အမှောင်တွင်းမှ တိတ်တဆိတ်ပြန်၍ ဝင်ရောက်လာခဲ့ပြီးနောက် ကျွန်ုပ်၏ အိပ်ရာခန်းဆီသို့ လျှောက်လာခဲ့စဉ် ဆံနီသည် ကျွန်ုပ်၏လက်မောင်းတွင် လာ၍ဖက်တွယ်လေသည်။

"မီးငြိမ်းထားလိုက်" ဟု ကျွန်ုပ်က သတိပေးလိုက်၏။ သူ့ကိုယ်မှာ တဆတ်ဆတ်တုန်နေသည်။

"သူတို့ဒီကိုလာပြီး တံခါးခေါက်တယ်။ သူ့အမေနဲ့ သူ့အဖေလေ၊ ဆံနီပြတင်းပေါက်ခန်းဆီးနောက်က ချောင်းကြည့်နေတယ်။ အိမ်ကမှောင်နေတော့ သူတို့ပြန်သွားကြတယ်။ ဒါပေမဲ့ ဒက်ဒီ သူတို့ပြန်လာကြလိမ့်ဦးမယ်"

"အိပ်ရာထဲသာ အေးအေးပြန်နေပါ။ ဘယ်သူလာလာ ထွက်မလာခဲ့နဲ့။ ဒက်ဒီ ကြည့်လုပ်လိုက်ပါ့မယ်"

ကျွန်ုပ်သား စိတ်သက်သာရာရအောင် ဤသို့ပြောလိုက်ရသော်လည်း ကျွန်ုပ်၏ ဆောက်တည်ရာ မရသောစိတ်ကိုကား ဟန်လုပ်၍ မျိုသိပ်ထားရသည်။

ထိုခဏတွင် တယ်လီဖုန်းသံပေါ်လာသဖြင့် သူမသွားသေးဘဲ ကျွန်ုပ်၏ အပါးမှပင် ခေါင်းငုံ့၍နားစွင့်နေသည်။

"မစ္စတာ ဂျော်နီမဟုတ်လား"

မော်လီ၏မိခင်ထံမှ ဖြစ်တော့သည်။ အသံမှာစိုးရိမ်သောကမကင်းရှာသည့် ပူဆွေးသံကြီးဖြစ်နေကြောင်း ကျွန်ုပ် သတိထားမိသည်။ ထိုအသံကိုကြားရသောအခါ ရေတွင်းပျက်ကြီးအတွင်းမှ ကံဆိုးရှာသူကလေး၏ မျက်နှာကို ပြေး၍မြင်ယောင်မိသည်။

"ဟုတ်ပါတယ်" ဟု ကျွန်ုပ်က မရဲတရဲ ပြန်ဖြေလိုက်သည်။

"မော်လီက ဆံနီ့ဆီ ခဏသွားဦးမယ်ပြောသွားတယ်။ ခုထက်ထိ အိမ်ပြန်ရောက်မလာသေးလို့"

"သူ သူ ဒီမလာပါဘူး"

တုန်လှုပ်ချောက်ချား၍ သွားရှာသော အသံကို ကြားလိုက်ရသည်။ ကျွန်ုပ်အသည်းတွင် ထိခိုက်နာကျင်မှုလည်း မခံမရပ်နိုင်အောင် ဖြစ်လာတော့သည်။ တယ်လီဖုန်းခွက်ကို ပြန်ချိတ်လိုက်၏။

ကျွန်ုပ် ဆံနီ့အတွက် စိုးရိမ်ပူပန်သကဲ့သို့ သူလည်း မော်လီ့အတွက် စိုးရိမ်ပူပန်ရှာပေလိမ့်မည်။ တယ်လီဖုန်းအတွင်းမှ "ကယ်တော်မူပါ" ဟု အော်လိုက်သကဲ့သို့ ထင်ရ၏။ ကျွန်ုပ်သည် နဖူးပြင်မှ ချွေးသီးချွေးပေါက်ကြီးများကို လက်နှင့်သုတ်ပစ်သည်။ ကိုယ်ချင်းစာတရားကို ကျွန်ုပ်နားလည်လာတော့သည်။ ကျွန်ုပ်၏သားကိုမှ သားထင်လာခဲ့မိသည်။ မော်လီမှတစ်ပါး အခြားသူများကို ထည့်၍ မစဉ်းစားခဲ့မိ။ မော်လီ့ကိုပင်လျှင် ဆံနီနှင့်ပတ်သက်နေသောကြောင့်သာ ဖြစ်သည်။ ကျွန်ုပ်သည် ဆံနီအား အမြင်မှန်ရောက်မှုသို့ ပြုပြင်ပို့ဆောင်ပေးခြင်းမရှိခဲ့။ သို့ဖြင့် ဆံနီသည် သူ့ဘက်မှသာနေ၍ ကြည့်တတ်သောတစ်ဘို့သမားမိုက်ရူးရဲ၊ တရူးထိုးကလေးဖြစ်ခဲ့ရသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏သားကို ရင်ထုမနာနှင့် ကြည့်မိသည်။ သူ့မှာလည်း မျက်ရည်လည်ရွှဲနှင့် ဝမ်းနည်းမဆုံး ယူကျုံးမရဖြစ်နေသည်။

"ဒက်ဒီ ဒါ ဆံနီ့အပြစ်မဟုတ်ဘူးနော်။ ဆံနီ တမင်ရည်ရွယ်တာမှ ဟုတ်ဘဲ"

"အေး မင့်အပြစ်မဟုတ်ဘူး၊ စင်စစ်တော့ ဒက်ဒီ့အပြစ်ပဲ။ ကိုယ်လုပ်ချင်တာ ဘာမဆို ကိုယ်ထင်သလိုတရူးထိုးလုပ်ဖို့ ဒက်ဒီ မင့်ကို အားပေးအားမြှောက် လုပ်ပေးလာခဲ့တာနဲ့ အတူတူပဲ။ တစ်ဖက်သားရဲ့ နေရာကနေကြည့်ဖို့ ဒက်ဒီဘယ်တုန်းကမှ မဆုံးမခဲ့မိဘူး။ ဒါကြောင့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မင့်မှာ စိတ်ဓာတ်အား သေးငယ်ခဲ့ရတယ်။ စိတ်နေသဘောထား ကြီးမားရင့်သန်အောင် ဒက်ဒီဆောင်ရွက်မပေးနိုင်ခဲ့ဘူး။ အမြင်မှန်ရောက်အောင် ပို့ဆောင်မပေးနိုင်ခဲ့ဘူး။ အပေါင်းအသင်း ဂုဏ်သတင်းနဲ့ လောကမှာ ကြီးကျယ်မြင့်မြတ်တဲ့အရာ ဘာမဆို အယုတ်ဆုံး မိန်းကလေးတစ်ဦးရဲ့ အချစ်ပဲဖြစ်ဖြစ် ကိုယ့်စိတ်ကိုယ်မနိုင်ရင် မတည်မြဲနိုင်ဘူး။ မော်လီဟာ မင့်ကို ယောကျ်ားကောင်းတစ်ယောက် ဖြစ်စေချင်ခဲ့ရှာတယ်။ ဒါပေမဲ့ မင့်စိတ် မင်းမနိုင်ခဲ့ဘူး။ အဲဒါ အရင်းစစ်တော့ ဒက်ဒီ့အပြစ်ပဲ"

ဆံနီသည် ချုံးပွဲချ၍ ငိုတော့သည်။ သူ့ငိုကြွေးသံတွင် ကေတီ၏အသံကို ကြားယောင်မိသည်။ ကျွန်ုပ်၏ လက်များသည် သူ့ကိုယ်ကို တအားရစ်ပတ်၍ ဖက်ထားလိုက်မိကြသည်။

ကျွန်ုပ် ဘာလုပ်ရမည်ဟု ကျွန်ုပ် နားလည်ခဲ့ပေပြီ။ ထိုအခါ ကျွန်ုပ်၏ကိုယ်မှာလည်း ဆောက်တည်ရာရခဲ့သည်။ ထိုင်ရာမှထပြီး မီးခလုတ်များကို ဖွင့်လိုက်တော့သည်။

"ကိုင်း ဆံနီ မငိုနဲ့တော့။ ခရီးမလွန်သေးဘူး။ မင့်စိတ် မင်း ပြုပြင်နိုင်ဖို့ အခွင့်အရေး ဒက်ဒီပေးခဲ့မယ်။ အဲဒီအခွင့်အရေးဟာ နောက်ဆုံးအကြိမ် ပေးခြင်းလို့သာ ယူဆပြီး နောက်နောင် မမှားအောင် ကြိုးစားရစ်ပေတော့"

ကျွန်ုပ်သည် ချာခနဲလှည့်၍ အိမ်မှထွက်ခွာခဲ့တော့သည်။

ပုလိပ်ဌာနတွင် စိတ်ထဲ၌ စီစဉ်လာခဲ့သော ထိုးဇာတ်ကလေးကို ခင်းပြပြီး ကလေးမအား ကျွန်ုပ်ကိုယ်တိုင် သတ်ကြောင်း ဖြောင့်ချက်ပေး၍မှ မဆုံးသေးမီ ဆံနီ ဖြုန်းခနဲ ပေါ်ပေါက်လာတော့သည်။ ကျွန်ုပ် တားဆီးသော်လည်း အချည်းနှီးဖြစ်တော့သည်။

"ကျွန်တော် တမင် ရည်ရွယ်တာ မဟုတ်ပါဘူးခင်ဗျာ။ သူ့ကို ကျွန်တော် ချစ်တယ်။ သူ ကျွန်တော့်ကို မုန်းသွားတယ်။ ကျွန်တော် မတော်တဆ သတ်မိတာပါပဲ"

ကျွန်ုပ်တို့၏အမှုကို စီရင်ချက်ချသောနေ့၌ကား... ကျွန်ုပ်သည် တရားသူကြီးအား အမှန်စင်စစ် ကျွန်ုပ်၏အပြစ်သာဖြစ်၍ နှစ်ဦးစလုံး၏အပြစ်ဒဏ်ကို ကျွန်ုပ်တစ်ဦးတည်းသာ ခံပါရစေဟု တောင်းပန်တိုးလျှိုး အမျိုးမျိုး အသနားခံခဲ့ပါသေးသည်။

တရားသူကြီး၏ မျက်နှာကား ရင့်ကျက်သော သမာဓိရှိ၏။ ကရုဏာသက်သော အသွင်ဆောင်၏။ စီရင်ချက် ချမှတ်ရာ၌ကား...

"ဒီလို သွေးရူးသွေးတန်းစိတ်နဲ့ ဖြစ်ပွားခဲ့တဲ့ အမှုတွေဟာ များပြားလှခဲ့ပြီ။ တလောက တောရွာတစ်ရွာမှာ အသက် ၁၅ နှစ်ရှိသေးတဲ့ လူငယ်တစ်ယောက်ဟာ အသက် ၁၄ နှစ်ရှိသေးတဲ့ သူ့ချစ်သူကို ခိုးရာလိုက်ဖို့ခေါ်လို့ မရတာနဲ့ တောထဲမျှစ်ချိုးအသွားမှာ ဓားနဲ့လိုက်ထိုးပြီး သတ်ခဲ့တယ်။ မနေ့ညကလည်း ရုပ်ရှင်ရုံရှေ့မှာ ၁၇ နှစ်အရွယ် သူငယ်တစ်ယောက်ဟာ သူ့ရည်းစား တခြားသူငယ်တစ်ယောက်နဲ့ ရုပ်ရှင်လာကြည့်တာမြင်ရုံနဲ့ အထင်လွဲပြီး သူ့အစ်ကိုအရာရှိတစ်ယောက်ရဲ့ ခြောက်လုံးပြူးနဲ့ ပစ်သတ်လိုက်ပြီ။ မကြာသေးမီကလည်း အနောက်ပိုင်းမှ သူငယ်တစ်ယောက် သူလိုချင်တဲ့ ကောင်မလေးနဲ့ ပေးစားဖို့ သူ့ဦးလေးကို ပူဆာတာ သဘောမတူကောင်းလားလို့ သူ့ဦးလေး အိပ်ပျော်နေတုန်းမှာ လှံနဲ့ရက်ရက်စက်စက် ထိုးသတ်ခဲ့တယ်။ နို့ပြီး အဆိပ်သောက်သေကြတဲ့ သမီးရည်းစားတွေ၊ ရေထဲခုန်ဆင်းကြတဲ့ ချစ်သူတွေ၊ ဒီလို သွေးရူးသွေးတန်း အမှုမျိုးတွေ အမျိုးမျိုးကြားခဲ့ရတယ်။ ဒါတွေကို ရပ်တန်းက ရပ်ပစ်ဖို့တော်ပြီ"

တရားသူကြီး၏အသံမှာ တဖြည်းဖြည်း တက်လာသည်။ ကျွန်ုပ်၏ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။ နဖူးပြင်တွင် ချွေးပေါက်ကြီးများ စို့လာသည်။ မျက်လုံးများ ပြာဝေလာခဲ့သည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်ကြီး ညွှန်ပြနေသော လမ်းကို တစ်ပိုင်းတစ်စ ကျွန်ုပ် မြင်ရပေပြီ။

"ဒီဟာတွေ ဘယ်သူ့အပြစ်လဲဆိုရင် မိဘတိုင်းရဲ့ အပြစ်ပဲ။ အုပ်ထိန်းသူတိုင်းရဲ့ တာဝန်ပဲ။ အစိုးရလည်း တာဝန်မကင်းဘူးပဲ။ မိဘတိုင်း၊ ကျောင်းတိုင်း၊ အသင်းအဖွဲ့တိုင်းက ကလေးသူငယ်တွေကို ပညာသင်ကြားမှု၊ စည်းကမ်းသေဝပ်မှု၊ စိတ်နေကြီးမားမှု၊ အမြင်ကျယ်မှုတွေအတွက် နိုးနိုးကြားကြား၊ ထထကြွကြွ ရှိစေရမယ်။ အစိုးရကလည်း တိုင်းပြည်ရဲ့ ချွတ်ယွင်းချက်ကို ပြည့်စုံအောင် လုပ်ရမယ့်ဝတ္တရားကို မပျက်ကွက်သင့်ဘူး။ တရားရုံးတော်တိုင်းကလည်း ဒီလိုအမှုမျိုးအတွက် လူထုကို အရာထင်အောင် ပြုပြင်ပေးဖို့ တာဝန်ဝတ္တရားကို သိနားလည်ရမယ်။

"မောင်ကျော်နီ မောင်မင်းရဲ့သားဟာ မောင်မင်းရဲ့ ပြု

www.burmeseclassic.com

www.burmeseclassic.com



ပြင်မှုချွတ်ယွင်းတဲ့အတွက် အလုပ်ကြမ်းနဲ့ထောင်ဒဏ် အနှစ်နှစ်ဆယ်၊ မောင်မင်းအဖို့က ၎င်း ငါးနှစ်။ မောင်မင်းရဲ့ သား ကို လမ်းမှန်ရောက်အောင် သင်ကြားပေးနိုင်လျက်နှင့် မောင် မင်းတာဝန်ပျက်ကွက်ခဲ့တယ်။ မိဘများဟာ ကိုယ့် သားသမီးကို မွေးကျွေးရုံ၊ ချစ်ခင်ရုံနဲ့ အဝတ်ကောင်း၊ အစားကောင်း ဝယ်ပေးရုံနဲ့ မပြီးသေးဘူးဆိုတာ နားလည် ထားရမယ်။ တို့သားသမီးတွေဟာ သူများသားသမီးလို မိုက်လုံးကြီးမှာ မဟုတ်ဘူးဆိုတဲ့ တစ်ဖက်သတ် တယူ သန်ထားမှုကိုလည်း စွန့်ပစ်ကြရမယ်။

"မိဘဟာ သားသမီးကို သူတို့အမှားလုပ်ရင် မှားတဲ့ အလျောက်၊ အမှန်လုပ်ရင်လည်း အမှန်အလျောက် တာ ဝန်ပေးပြီး သူတစ်ပါးအခွင့်အရေးကိုလည်း လေးစားတတ် အောင် သင်ကြားပေးထားရင် ကိုယ်ကျင့်တရားနဲ့ အမှား အမှန် ဝေဖန်တတ်တဲ့ဉာဏ် နားလည်လာလိမ့်မယ်။

"မောင်ဂျော်နီ မောင်မင်းဟာ ကူညီခဲ့တဲ့အပြင် သူ့ အပြစ်ကို ကိုယ့်ပြစ်လုပ်ပြီး ထိမ်ချန်..."

ကျွန်ုပ်မှာ နားတွေအူပြီး နောက်ထပ်မကြားရတော့ ချေ။ အမှုထမ်းများခေါ်ဆောင်သွားကြသော ကျွန်ုပ်၏ သားထံသို့ ကြည့်မိသည်။ ဆံနီ့အတွက် အနှစ်နှစ်ဆယ် ကျွန်ုပ် နှစ်ခွန်းပြည့်အောင်မျှ မကြိမ်းမောင်းခဲ့ဖူးသော ကျွန်ုပ်၏ သားကား ယခုသော် ထောင်အတွင်း၌ အလုပ် ကြမ်းနှင့် အနှစ်နှစ်ဆယ်။ သူ့အမှားကို တာဝန်မပေးခဲ့သော် လည်း လောကဓမ္မတာ တရားဥပဒေက တာဝန်ပေးခဲ့ချေ ပြီတကား။ ထိုအမှားကြီးမရောက်လေအောင် အမှားက လေးတွေ ဖြစ်ပွားစဉ်က သူ့အား ကျွန်ုပ် တာဝန်ပေး၍ ပြုပြင်ခဲ့ရသော် ကောင်းလေစွ။

တံခါးဝအရောက်တွင် သူလှည့်ကြည့်သည်။ ကျွန်ုပ် ၏ မျက်လုံးများသည် ရီဝေနေသော ဝိုင်းစက်နက်ပြာသည့် သူ့မျက်လုံးများနှင့် ကေတီ၏မျက်လုံးများနှင့် ဆုံမိကြ သည်။ ထို့နောက် သူ ထွက်ခွာသွားသည်။

ကျွန်ုပ်သည် သနားကရုဏာ သက်နေရှာသော မစ္စ တာမာတင်၏ ဖြူလျော်သည့်မျက်နှာကို မြင်ရသည်။ သူ့ ခမျာ ကျွန်ုပ်အတွက် ဝတ်လုံငှားပေးရှာသေးသည်။ သူနှင့် မျက်နှာချင်းဆိုင်၍ ပြောပြသည့်တိုင်အောင် မယုံနိုင်။ "ဂျော်နီရယ် မင်း ဘယ်နည်းနဲ့မှ ဒီလိုလုပ်မှာမဟုတ်ဘူး" ဟု ဆိုရှာပေသေးသည်။

ဤသို့ဖြင့် ကျွန်ုပ် ထောင်သို့ရောက်ခဲ့ခြင်းဖြစ်သည်။

ငါးနှစ်၊ ငါးနှစ် ဤရှည်ကြာသော နှစ်ပရိစ္ဆေဒမျှ ကျွန်ုပ် ဝဋ်ခံရပေဦးမည်။ သို့သော်လည်း တစ်သက်လုံး အဖို့၌ကား အဖိုးမဖြတ်နိုင်သော သင်ခန်းစာရခဲ့ပေပြီ။

သားသမီးများကို ကြီးပြင်းအောင် မွေးမြူရန်မှာ အ မှန်ကန်ဆုံးသော နည်းလမ်းတစ်ခုရှိ၏။ ထိုနည်းလမ်းကား သူတို့၏အပြစ်ကို ဖုံးကွယ်မထားဘဲ၊ သူတို့၏ အမှားကို လျစ်လျူမပြုဘဲ သူတို့ကို ချစ်ခင်ရန်ဖြစ်သည်။ အသက် ပေး၍ပင် ချစ်လိုက ချစ်နိုင်သည်။ သို့တိုင်လည်း စည်း ကမ်းကျအောင် ပုံလောင်းပြီးလျှင် သူတို့တဖြည်းဖြည်း ကြီးရင့်လာသည့်နည်းတူ သူတို့၏ အကျင့်တရားလည်း ကြီးမားရင့်ထွားလာအောင် ပြုပြင်ပေးရမည်။

**အချစ်မှာ လမ်းမှန် ဖြစ်စေရမည်။**
**ချစ်လေ-နစ်လေ မဖြစ်စေရ။**
**စည်းကမ်းတကျ ဖြစ်ရမည်။**
**နည်းလမ်းတကျ ချစ်ရမည်။**

❖

အတွဲ-၁၊ အမှတ်-၄၊ ၁၉၄၇၊ ဩဂုတ်၊
ရှုမဝ မဂ္ဂဇင်း

BURMESE CLASSIC .com
www.burmeseclassic.com